# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 26 September 2019 ၉၇၈၄


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ရွှေလျားစာကြည့်တိုက်ယာဉ်နှင့် စက်ကိရိယာပစ္စည်းများ၊ စာအုပ်စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၅**

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ ရွှေလျားစာကြည့်တိုက်ယာဉ်နှင့် စက်ကိရိယာပစ္စည်းများ၊ စာအုပ်စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်မှုနှင့်အတူ လူထုအခြေပြု ဗဟိုဌာနများနှင့် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်တွင် ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးမင်းသူ၊ သူရဦးအောင်ကို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်၊ နိုင်သက်လွင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်က အဖွင့်အမှာစကားပြောကြားရာ၌ ပထမဆုံးပြောရမယ်ဆိုရင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ လူထုအခြေပြုဗဟိုဌာနများတွင် ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြစဉ်။


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# အစဉ်အလာကြီးမားသော မြန်မာကုန်သည်များ

မြန်မာမျိုးချစ်ကုန်သည်များ၏ စွမ်းဆောင်မှုများမှာ အစဉ်အလာကြီးမားပါ၏။ ရှေးဦးကာလ ကိုလိုနီလက်အောက်ခံ သူ့ကျွန်ဘ၀ကတည်းက မြန်မာမျိုးချစ်ကုန်သည်များမှာ တိုင်းတစ်ပါးကိုလိုနီကုန်သည်များကို အန်တုရှ၍ ကုန်သည်လောကတွင် ဦးဆောင်နိုင်ခဲ့သည်။ ကိုလိုနီခေတ် အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုကာလ ၁၉၁၉ ခုနှစ်က မျိုးချစ်မြန်မာကုန်သည်များစုပေါင်း၍ ကုန်သည်စက်မှုအသင်းချုပ်ကို ထူထောင်ခဲ့ရာ ယနေ့ထက်တိုင် သက်တမ်းရှည်ကြာခိုင်မာစွာ တည်ရှိနေသည်။

ယခုအခါ ကုန်သည်စက်မှုအသင်းချုပ်ကြီးဖြစ်သည့် ပြည်ထောင်စုသမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးသည် သက်တမ်းအားဖြင့် နှစ် ၁၀၀ ရှိခဲ့ပြီဖြစ်၍ ကုန်သည်စက်မှုလုပ်ငန်းရှင်များသာမက မြန်မာ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းများတွင် ထဲထဲ၀င်၀င် ပါ၀င်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ယခုသမိုင်း၀င် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်နေ့တွင် ကုန်စည်ပြပွဲကြီးကို ကျင်းပပေးခြင်းအားဖြင့် ပံ့ပိုးကူညီပေးလျက်ရှိသည်။

နိုင်ငံတကာကုန်စည်ပြပွဲများကို မြန်မာနိုင်ငံတွင် ကျင်းပပေးခြင်းအားဖြင့် မြန်မာနိုင်ငံထွက်ကုန်ပစ္စည်းများကို မိတ်ဆက်ပြသနိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိနိုင်သည်။ ထို့အပြင် ပြည်တွင်းမှ လုပ်ငန်းရှင်များအပါအ၀င် စားသုံးသူများအနေဖြင့်လည်း နိုင်ငံတကာထုတ်ကုန်များနှင့် နိုင်ငံတကာအဆင့်မီထုတ်လုပ်ထားသည့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို လေ့လာထိတွေ့နိုင်သည့် အခွင့်အရေးကောင်းများ ရရှိနိုင်မည်ဖြစ်သည်။ ထို့မျှသာမက ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ဆက်သွယ်ရရှိလာနိုင်မည့်အပြင် လုပ်ငန်းများအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေကောင်းများ ပေါ်ထွန်းလာမည်ဖြစ်သည်။

ယနေ့ခေတ် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးတွင် ဈေးကွက်သည် အရေးအကြီးဆုံးဖြစ်ပြီး ပြည်တွင်းမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ ပြည်တွင်း၊ ပြည်ပဈေးကွက်များတွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နိုင်ရန် အရေးကြီးသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်နှင့်ကိုက်ညီသည့် စီးပွားရေးမူ၀ါဒများ ချမှတ်အကောင်အထည်ဖော် ပေးလျက်ရှိသည်။

ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များကို ရေးဆွဲ၍ အကောင်အထည်ဖော်လျက်ရှိသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တဒင်္ဂစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားမပေးဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်းကာ သဘာ၀ပတ်၀န်းကျင်များ ထိန်းသိမ်းရေး၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်သည့် လူမှုပတ်၀န်းကျင်ပေါ်ထွက်လာစေရေး စသည့်ရည်မှန်းချက်ပန်းတိုင်များ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို စနစ်တကျ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်၏ အရေးကြီးသောကဏ္ဍတွင် ပါ၀င်နေသဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များသည် ကုန်သည်စက်မှုအသင်းချုပ်ကြီးနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးသည်။ အစဉ်အလာကြီးမားသော ကုန်သည်စက်မှုအသင်းချုပ်ကြီးသည် ကောင်းမွန်သောစီးပွားရေးအမွေခံကောင်းများကို အစဉ်အလာမပျက် ဆက်လက်ခံယူပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နှစ် ၁၀၀ ပြည့်သည့်တိုင်အောင် အစဉ်အလာကြီးမားသော ကုန်သည်စက်မှုအသင်းချုပ်ကြီးသည် မျက်မှောက်ကာလ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ညီနောင်အသင်းများနှင့်အတူ ငွေအား၊ လူအား၊ စည်းရုံးရေးအင်အားတို့ဖြင့် စနစ်တကျ ဆက်လက်ဦးဆောင်နေဆဲဖြစ်၍ ဂုဏ်ယူဖွယ်ကောင်းသည့် အသင်းချုပ်ကြီး နှစ် ၁၀၀ မှသည် နှစ်ပေါင်းထောင်ချီ၍ နိုင်ငံတော်၏အကျိုးစီးပွား တိုးတက်အောင်မြင်စေရန် ဆက်လက် ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ်အား ဂုဏ်ပြုကြိုဆို

**နေပြည်တော် စက်တင်ဘာ ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Phan Van Giang အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

## အပြန်အလှန်မိတ်ဆက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူကြပြီး အခမ်းအနားတက်ရောက်လာကြသော နှစ်နိုင်ငံ တပ်မတော်အရာရှိကြီးများနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ထို့နောက် ဧည့်သည်တော် ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

## အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံဆွေးနွေးစဉ် အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဖွဲ့၀င်နိုင်ငံများ၏ တပ်မတော်အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာရန်၊ ဆက်ဆံရေးများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေ၊ နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းများတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ လေ့ကျင့်ရေးဆိုင်ရာနှင့် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ နည်းပညာ၊ ယဉ်ကျေးမှု၊ အားကစားနှင့် အခြားနယ်ပယ်များတွင်လည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ နိုင်ငံအားလုံး၏ တာ၀န်ဖြစ်သော မူးယစ်ဆေး၀ါး ကာကွယ်တားဆီးတိုက်ဖျက်ရေးနှင့် သတင်းအချက်အလက် ဖလှယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေသည့် အခြေအနေများကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Phan Van Giang နှင့် နှစ်နိုင်ငံတပ်မတော်အရာရှိကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

MYANMAR Digital News Presented by NPE www.mdn.gov.mm

အရင်းမနုတ်၊ အတိုးခုတ် မဆုတ်စည်ပြော၊ တို့သစ်တော

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၅-၉-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၄၇၅ | ၅,၅၄၉,၅၀၀ |
| MTSH | ၄,၃၀၀ | ၄,၃၀၀ | ၈,၁၉၁ | ၃၅,၂၂၁,၃၀၀ |
| MCB | ၈,၂၀၀ | ၈,၅၀၀ | ၆၄ | ၅၃၆,၂၀၀ |
| FPB | ၂၆,၅၀၀ | ၂၆,၅၀၀ | ၁,၇၄၂ | ၄၆,၁၆၃,၀၀၀ |
| TMH | ၃,၀၀၀ | ၃,၀၅၀ | ၆၃၁ | ၁,၈၉၅,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၅

ရန်ကုန်(ရွှေဈေး) ၁၂၄၅၀၀၀ မန္တလေး(ရွှေဈေး) ၁၂၄၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၂၀/၉၆၀ ကျပ် | ၉၇၀/၉၈၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၆၀ ကျပ် | ၉၉၅/၁၀၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၂၀/၈၇၀ ကျပ် | ၈၉၀/၉၁၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၃၀/၉၇၅ ကျပ် | ၉၈၅/၁၀၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၅/၈၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၀/၉၀၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၀၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၂.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၈၅.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၅.၀၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၁၂၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၆၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၄၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၇.၇ |
| (ဇ) ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇.၇၅ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၈.၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၂.၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်၀က်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၁၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ရွှေလျားစာကြည့်တိုက်ယာဉ်နှင့် စက်ကိရိယာပစ္စည်းများ၊ စာအုပ်စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

◆ ရှေ့ဖုံးမှ

ရွှေလျားစာကြည့်တိုက်ဟာ ကျွန်မတို့ဖောင်ဒေးရှင်း ပထမဦးဆုံး အကောင်အထည်ဖော်လိုက်တဲ့ စီမံကိန်းဖြစ်ပါတယ်။ ဖောင်ဒေးရှင်းစပြီးကတည်းက ရွှေလျားစာကြည့်တိုက် လုပ်ဖို့ဆိုပြီး ရည်ရွယ်ချက်ရှိပါတယ်။ ပထမဦးဆုံး ကျေးဇူးတင်ရမယ့်သူက မိတ်ဆွေကြီး ဒေါက်တာဉမ္မာမိုးမြင့် ဖြစ်ပါတယ်။ ကျွန်မက ရွှေလျားစာကြည့်တိုက်လုပ်မယ်လို့ ပြောတဲ့အခါ ဉမ္မာက ချက်ချင်းပဲလုပ်လို့မရဘူး၊ ဒီနိုင်ငံမှာ ရှိလည်းမရှိဘူးဆိုလို့ မရှိဘူးဆိုလည်း ရှိအောင်လုပ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံမှာ စာကြည့်တိုက်တွေ အများကြီးလိုနေတယ်။ စာအုပ်တွေ အများကြီး ကျွန်မတို့ပြည်သူတွေ ဖတ်ဖို့လိုနေတယ်။ ဒါပေမယ့် စာကြည့်တိုက်တွေ မြို့တိုင်းမြို့တိုင်းမှာ ဆောက်ဖို့ဆိုတာဟာ အချိန်လည်း ကြာမယ်။ တကယ်လက်တွေ့မကျဘူး။ ကျွန်မတို့ ရွှေလျားစာကြည့်တိုက်တွေ စမယ်ဆိုတော့ ငြင်းခုံပြီး နောက်တော့ ဉမ္မာက ငြင်းလို့မရတော့ သဘောတူလိုက်တယ်။ ဉမ္မာက အင်မတန်ချစ်စရာကောင်းတာက သူတကယ်လုပ်ပြီဆိုရင် အင်တိုက်အားတိုက်လုပ်ပါတယ်။ အရင်တုန်းက သဘောမတူခဲ့လို့ဆိုပြီးတော့ မလုပ်ချင်သလို လုပ်ချင်သလိုလို လုပ်တာတို့ လုံးဝမရှိဘူး။ အင်တိုက်အားတိုက် ရွှေလျားစာကြည့်တိုက်စီမံကိန်းကို အောင်မြင်ရေးအတွက် လုပ်သွားပါတယ်။ အဲဒီမှာ ကျွန်မတို့ကို ကူညီတဲ့အထဲမှာဆိုရင် ဂျပန်နိုင်ငံ၊ ထိုင်ဝမ်၊ နိုင်ငံတကာက မိတ်ဆွေတွေအားလုံးက ရွှေလျားစာကြည့်တိုက်မှာ စိတ်ပါတဲ့သူများက ကူညီခဲ့ပါတယ်။

ရွှေလျားစာကြည့်တိုက်ကို အောင်မြင်မှာ မဟုတ်ဘူး၊ လုပ်ဖြစ်မှာ မဟုတ်ဘူးလို့ ဉမ္မာက ထင်ခဲ့ပေမယ့် ပထမဦးဆုံးဖွင့်တဲ့နေ့မှာ ၂ နာရီအတွင်းကို စာအုပ်တွေအားလုံး လိုလိုဟာ တစ်ခါတည်းကုန်သွားတယ်။ ကုန်သွားတယ်ဆိုတာ လာပြီးငှားကြတာပါ။ တန်းစီပြီးကလေးတွေက လာငှားကြတဲ့အတွက် အဲဒီအချိန်မှာ အင်မတန်မှ အားတက်ရပါတယ်။ ဒါဟာ တကယ့်ကို အလားအလာရှိတဲ့ စီမံကိန်းပဲဆိုတာ အဲဒီကတည်းက သိခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ တစ်နိုင်ငံလုံးကို ပျံ့နှံ့သွားအောင်လို့ ရွှေလျားစာကြည့်တိုက်စီမံကိန်းကို အကောင်အထည် ဖော်နိုင်ခဲ့ပါတယ်။

**စာဖတ်ချင်တဲ့စိတ်ရှိ**

အဲဒါဟာ ဘာပြတာလဲဆိုရင် ကျွန်မတို့ရဲ့ ပြည်သူလူထုဟာ စာဖတ်ချင်တဲ့စိတ်ရှိတယ်၊ စာအုပ်မရှိတာပါ။ ကျွန်မတို့ ရွှေလျားစာကြည့်တိုက်ကို စပြီးတော့ ထူထောင်ကတည်းက စာအုပ်တွေဟာ ကလေးများ ဖတ်ချင်တဲ့ပုံစံဖြစ်ရမယ်။ အခု ကျွန်မတို့နိုင်ငံမှာဆိုရင် မြို့တွေတော်တော်များများမှာ စာကြည့်တိုက်ဆိုပြီး ဖွင့်ထားတာတွေ ရှိပါတယ်။ ဒါပေမယ့် စာကြည့်တိုက်တွေထဲမှာ ရှိတဲ့စာအုပ်တွေက ကလေးတွေမပြောနဲ့ လူကြီးတွေတောင် သိပ်ဖတ်ချင်စရာကောင်းတဲ့ စာအုပ်မျိုးမဟုတ်ပါဘူး။ ဥပမာဆိုရင် တချို့တွေက သူတို့အိမ်မှာ မထားချင်တော့တဲ့ ဂျာနယ်ဟောင်းတွေ၊ အရင်တုန်းက ကျောင်းသုံးစာအုပ်အဟောင်းတွေ၊ မလိုချင်တဲ့စာအုပ်တွေကို စာကြည့်တိုက်ကို လှူလိုက်မယ်ဆိုပြီး လှူလိုက်တဲ့အခါကျတော့ စာအုပ်တွေက ကြည့်ကတည်းကကို ဆွဲဆောင်မှုမရှိဘူး။ နောက်ပြီးတော့ ဖတ်ချင်စရာလည်း သိပ်မရှိဘူး။ မဖတ်ချင်လို့ ပေးတဲ့စာအုပ်တွေဆိုတော့ တခြားလူကလည်း သိပ်ပြီး ဖတ်ချင်ဖို့ဆိုတာက အလားအလာ သိပ်မရှိပါဘူး။

ကျွန်မတို့ ရွှေလျားစာကြည့်တိုက်မှာ ထည့်ထားတဲ့



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူထုအခြေပြု ဇဟိုဌာနများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားစဉ်။

စာအုပ်တွေက တကယ့်ကို ကလေးတွေက ကြည့်တာနဲ့ ဖတ်ချင်တဲ့စာအုပ်များဖြစ်အောင် ပုံလေးတွေ အများကြီး ရှိရမယ်၊ အရောင်ကလည်း တောက်တောက်ပပရှိရမယ်၊ ပုံလေးတွေကလည်း လွယ်လွယ်ကူကူ နားလည်လွယ်ရမယ်။ အဲဒီလို လုပ်လိုက်တဲ့အခါကျတော့ ကလေးတွေတင်မကဘူး လူကြီးတွေကလည်း စိတ်ဝင်စားလာတယ်ဆိုတာကို ကျွန်မတို့ သတိပြုမိတယ်။

ရွာတွေကိုသွားပြီး စာအုပ်ငှားတဲ့အခါကျတော့ ကလေးတွေတင်မကဘူး လူကြီးတွေကပါ လာပြီးတော့ စာအုပ်ငှားကြတယ်၊ ဖတ်ကြတယ်၊ စိတ်ဝင်စားကြတယ်။ အဲဒါကြောင့်မို့ ကျွန်မတို့ စာကြည့်တိုက်ဟာ ဒီလောက်တောင်မှ မြန်မြန်ဆန်ဆန်ပြန့်သွားတာဖြစ်ပါတယ်။ အဲဒါကြောင့်မို့ အခုအချိန်မှာ လွှဲပြောင်းမယ့်ပစ္စည်းတွေထဲမှာ ပါတာက ရွှေလျားစာကြည့်တိုက်ယာဉ် ၁၇ စီး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ၃၄၆ စုံ၊ စာအုပ်စာစောင် ၁ သိန်း ၁ သောင်းကျော်နဲ့ ကျွမ်းကျင်ဝန်ထမ်း ၂၈ ဦးဖြစ်ပါတယ်။

**အောင်အောင်မြင်မြင်လုပ်နိုင်**

**MBL (Mobile Library) Project စတင်တဲ့နေ့မှ လွှဲပြောင်းတဲ့နေ့အထိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ရင်းနှီးမြှုပ်နှံခဲ့တဲ့ ငွေပမာဏ စုစုပေါင်း ကျပ်သန်း ၁၀၀၀ ကျော်ဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေနဲ့ ပတ်သက်လို့ နားလည်မှု စာချွန်လွှာသက်တမ်းတိုးပြီးတော့ လက်မှတ်ထိုးရမှာဖြစ်ပါတယ်။ ရွှေလျားစာကြည့်တိုက်စီမံကိန်းကြီးက အင်မတန် ကြီးကျယ်လာတဲ့အခါကျတော့ ရိုးရိုးသားသားပြောရရင် ကျွန်မတို့ ဖောင်ဒေးရှင်းတစ်ခုတည်းနဲ့ မနိုင်တော့ပါဘူး။ ကျွန်မတို့ ဖောင်ဒေးရှင်းတစ်ခုတည်းက ဦးစီးထားသင့်တဲ့ စီမံကိန်းမဟုတ်တော့ဘူး။ ဒါဟာ နိုင်ငံတော်ကနေ ဦးဆောင်ပြီးလုပ်ရမယ့်စီမံကိန်းဖြစ်သွားပါပြီ။ ကျွန်မတို့နိုင်ငံမှာ ရွှေလျားစာကြည့်တိုက်တွေဟာ ပြန့်ပွားနိုင်တယ်၊ သုံးတဲ့ သူတွေလည်းသိပ်များတယ်၊ ဒါကို အောင်အောင်မြင်မြင် လုပ်နိုင်တယ်ဆိုတာ ပြပြီးပြီဆိုတော့ ဒါဟာ နိုင်ငံတော်က ဆက်ပြီးတော့လုပ်ဖို့ သင့်တော်တယ်လို့ ကျွန်မတို့ယူဆလို့ လွှဲပြောင်းလိုက်တာ ဖြစ်ပါတယ်။**

ကျွန်မတို့အနေနဲ့ ဒီအတိုင်းအတာအထိ လုပ်နိုင်တာကို အင်မတန်မှ ကျေနပ်ပါတယ်။ ကျွန်မတို့ကို ကူညီပေးခဲ့တဲ့ မိတ်ဆွေများအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ အခုဆိုရင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအတွင်းက ဖောင်ဒေးရှင်းလူကြီးတွေရော၊ လူငယ်တွေရော အားလုံးက တက်တက်ကြွကြွနဲ့ လုပ်ခဲ့တဲ့အတွက် အင်မတန်မှ ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ စာဖတ်ခြင်းဟာ အင်မတန်မှ အရေးကြီးတယ်ဆိုတာကို ကျွန်မ ခဏခဏ ပြောပါတယ်။ စာဖတ်ခြင်းမှာ အရေးကြီးတဲ့ကိစ္စက ဘာလဲဆိုရင် စာဖတ်တဲ့အခါမှာ တခြားသူတွေရဲ့စိတ်ထဲ၊ ဦးနှောက်ထဲ၊ နှလုံးသားထဲကို ဝင်ကြည့်လို့ရတဲ့ အခွင့်အရေးရှိပါတယ်။ ကိုယ့်အတွေးအခေါ်၊ ကိုယ့်ခံစားချက်တွေက တခြားသူတွေရဲ့အတွေးအခေါ်၊ ခံစားချက်တွေနဲ့မတူဘူးဆိုတာကို စာဖတ်လိုက်တဲ့အခါမှာ သဘောပေါက်သွားတယ်။

**တန်းတူညီတူ အရေးကြီး**

ဒါကြောင့်မို့ ကျွန်မပြောဖူးပါတယ်။ တက္ကသိုလ်ကျောင်းသားအချို့နဲ့ စာအုပ်စာပေ ဆွေးနွေးပွဲတစ်ခုမှာ ကျောင်းသားလေးတစ်ယောက်က စာအုပ်တစ်ခုကို သူမကြိုက်ရတဲ့အကြောင်းရင်းက အဲဒီစာအုပ်ထဲက ကိစ္စတွေက လုံးဝသူတို့ဘဝနဲ့ ဆက်စပ်မှုမရှိလို့ဆိုတော့ ကျွန်မက အဲဒါကိုသဘောမတူဘူးလို့ ပြောဖူးပါတယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ရဲ့ဘဝနဲ့ ဆက်စပ်မှုမရှိတဲ့အကြောင်းတွေကို သိဖို့က ကိုယ့်ဘဝနဲ့ ဆက်စပ်မှုရှိတဲ့အကြောင်းတွေကို သိဖို့လောက်ကို တန်းတူညီတူ အရေးကြီးပါတယ်။

ဘာလို့လဲဆိုရင် ကိုယ့်ဘဝရဲ့ ကျဉ်းမြောင်းတဲ့ဘဝလေးအတိုင်းအထွာနဲ့ပဲ တစ်ကမ္ဘာလုံးကို ကြည့်မယ်ဆိုရင် အမြင်ကကျဉ်းမြောင်းသွားလိမ့်မယ်။ ဒါပေမယ့်လည်း ကိုယ့်ရဲ့ဘဝအပြောင်းအလဲကို မသိဘဲနဲ့၊ ကိုယ့်ပတ်ဝန်းကျင်အကြောင်းကို မသိဘဲနဲ့ ကျော်လွှားပြီးတော့ ကမ္ဘာကြီးကိုပဲ ကြည့်နေမယ်ဆိုရင်ကလည်း မပြီးပြည့်စုံဘူး။ စတာက ကိုယ့်ရဲ့ပတ်ဝန်းကျင်နဲ့စရမယ်။ ကိုယ့်ရဲ့ဘဝကို နားလည်ရမယ်။ ဒါပေမယ့် ကိုယ့်ရဲ့ဘဝကို နားလည်ဖို့အတွက် တခြားသူရဲ့ဘဝကို လေ့လာခြင်းအားဖြင့် နားလည်နိုင်ပါတယ်။ ကိုယ်တစ်ယောက်တည်းခံစားရတာတွေဟာ ကိုယ်တစ်ယောက်တည်းမဟုတ်ဘူး။ တခြားသူတွေလည်း ဒီလိုခံစားရတယ်။ တခြားသူတွေလည်း ဒီလို၊ ဒါမှမဟုတ် ကိုယ့်ခံစားချက်နဲ့ တခြားသူတွေရဲ့ခံစားချက် ကွာတယ်ဆိုတာ နှိုင်းယှဉ်ပြီးတော့လည်း ကြည့်လို့ရတယ်။

**လူကြီး၊ လူငယ်မရွေးကို အားပေး**

**နောက်ပြီးတော့ နမူနာအနေနဲ့ ကြည့်ပြီးတော့ ဘာရှာရမယ်၊ ဘာဆောင်ရမယ်ဆိုတာကိုလည်း ကျွန်မတို့ နှလုံးသွင်းလို့ရပါတယ်။ ဒါကြောင့် စာဖတ်ပါ၊ စာဖတ်ပါလို့ အမြဲပဲ ကျွန်မတို့ရဲ့ပြည်သူလူထု လူကြီး၊ လူငယ်မရွေးကို အားပေးပါတယ်။ စာဖတ်တယ်ဆိုတာ အသက်နဲ့ မဆိုင်ပါဘူး။ စာဖတ်တတ်လာပြီဆိုရင် ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ စာဖတ်လို့ ရပါတယ်။ ကျွန်မတို့ရဲ့ လူငယ်တွေကို အားပေးချင်တာက တစ်နေ့ကိုတော့ နည်းနည်းတော့ စာဖတ်ဖြစ်အောင်ဖတ်ပါ။ ကိုယ့်စိတ်ထဲမှာတော့ တစ်နေ့ကို တစ်ရွက်နှစ်ရွက်လောက်၊ တစ်မျက်နှာ၊ နှစ်မျက်နှာလောက်တော့ ရအောင်ဖတ်မယ်ဆိုပြီးတော့ သန္နိဋ္ဌာန်ချကြပါလို့ တိုက်တွန်းချင်ပါတယ်။**

ကျွန်မတို့စာကြည့်တိုက်ကို စတင်လုပ်တော့ ကော့မှူးမှာ စတာဖြစ်ပါတယ်။ ကော့မှူးမှာစပြီး လုပ်ကတည်းက ကျွန်မတို့သဘောပေါက်တယ်။ ရွှေလျားစာကြည့်တိုက်တွေအတွက် အခြေခံကျတဲ့နေရာ ဌာနတစ်ခုရှိဖို့လိုပါတယ်။ ရိုးရိုးပြောရမယ်ဆိုရင် ကားတွေကို ဘယ်မှာထားမှာလဲ၊ စာအုပ်တွေကို ဘယ်မှာထားမှာလဲ၊ ရုံးအလုပ်လုပ်တဲ့ဝန်ထမ်းတွေကို ဘယ်မှာထားမှာလဲ၊ အဲဒါတွေကို ကျွန်မတို့ လေ့လာရင်းနဲ့ နောက်ကျတော့ ပြန်ကြားရေးဝန်ကြီးနဲ့ ညှိနှိုင်းပြီး အခု Community Centre တွေ ဖြစ်လာတဲ့ အဆောက်အဦတွေမှာ ရွှေလျားစာကြည့်တိုက်တွေကို အခြေခံတာဖြစ်ပါတယ်။

စာမျက်နှာ ၄ သို့ ◆

❛ ရွှေလျားစာကြည့်တိုက်စီမံကိန်းကြီးက အင်မတန်ကြီးကျယ်လာတဲ့ အခါကျတော့ ရိုးရိုးသားသားပြောရရင် ကျွန်မတို့ ဖောင်ဒေးရှင်းတစ်ခုတည်းနဲ့ မနိုင်တော့ပါဘူး။ ကျွန်မတို့ ဖောင်ဒေးရှင်းတစ်ခုတည်းက ဦးစီးထားသင့်တဲ့ စီမံကိန်း မဟုတ်တော့ဘူး။ ဒါဟာ နိုင်ငံတော်ကနေ ဦးဆောင်ပြီးလုပ်ရမယ့် စီမံကိန်းဖြစ်သွားပါပြီ။ ကျွန်မတို့နိုင်ငံမှာ ရွှေလျားစာကြည့်တိုက်တွေဟာ ပြန့်ပွားနိုင်တယ်၊ သုံးတဲ့သူတွေလည်း သိပ်များတယ်၊ ဒါကို အောင်အောင်မြင်မြင် လုပ်နိုင်တယ်ဆိုတာ ပြပြီးပြီဆိုတော့ ဒါဟာ နိုင်ငံတော်က ဆက်ပြီးတော့လုပ် ဖို့သင့်တော်တယ်လို့ ကျွန်မတို့ယူဆလို့ လွှဲပြောင်းလိုက်တာ ဖြစ်ပါတယ်။

## ပြည်တွင်းရေးရာ

◆ စာမျက်နှာ ၃ မှ

ကျွန်မနားလည်သလောက်ကတော့ Community Centre တွေမှာဆိုရင် ပြည်သူတွေ တွေ့ဆုံပြီး ဆွေးနွေးတာတွေရှိတယ်၊ စာဖတ်၊ စာကြည့်တာတွေရှိတယ်၊ တချို့ဌာနတွေမှာ ကွန်ပျူတာသင်တန်းတွေလည်း ကျင်းပတယ်၊ ကော့မှူးမှာဆိုရင် စောစောကတည်းက ရွှေ့လျားစာကြည့်တိုက်ဖွင့်တာနဲ့အတူ ကွန်ပျူတာသင်တန်းတွေပေးပါတယ်။ အခုလည်း Community Centre အသီးသီးမှာတော့ ပုံစံအမျိုးမျိုးနဲ့ လှုပ်ရှားနေတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။

**ယဉ်ကျေးမှုပစ္စည်းတွေကို တန်ဖိုးထား**

ပြည်ထောင်စုဝန်ကြီး ဦးဖေမြင့်ကလည်း ပိုပြီးတော့ ပြည်သူလူထုက Community Centre တွေကို သုံးဖို့ဆန္ဒရှိပါတယ်။ သုံးလည်း သုံးစေချင်ပါတယ်။ ကျွန်မအနေနဲ့လည်း ဒီကနေ ဆော်ဩပါရစေ။ သုံးပါ။ ဒါဟာပြည်သူလူထုအတွက် ထူထောင်ထားတဲ့ဌာနတွေဖြစ်ပါတယ်။ ပြည်သူလူထုသုံးမှလည်း ကျွန်မတို့ ထူထောင်ရကျိုးနပ်မှာပါ။ အားလုံးက တတ်နိုင်သမျှ လေ့လာဆည်းပူးရုံမက တစ်ဦးနဲ့တစ်ဦး အမြင်ဖလှယ်ဖို့ နေရာတစ်ခုလို့သတ်မှတ်ထားပါတယ်။ အခုဆိုရင် Community Centre ထဲမှာ ပြတိုက်ငယ်အဖြစ် ခင်းကျင်းပြသထားတယ်ဆိုပြီးတော့လည်း သိရပါတယ်။ လူရွယ်လူငယ်တွေအနေနဲ့ ယဉ်ကျေးမှုပစ္စည်းတွေကို တန်ဖိုးထားတတ်စေဖို့ဆိုပြီးတော့၊ စုစည်းထိန်းသိမ်းတတ်တဲ့ အလေ့အထကောင်းဖြစ်လာဖို့ဆိုပြီးတော့ ဒီလိုပြတိုက်ငယ်လေးတွေ လုပ်နေတယ်ဆိုတာကိုလည်းကြားရလို့ အင်မတန်မှ ဝမ်းသာပါတယ်။

ကျွန်မတို့မှာက စာကြည့်တိုက်ယဉ်ကျေးမှုဆိုတာ အခုမှစတယ်လို့ ကျွန်မပြောရင် မမှားဘူးလို့ထင်ပါတယ်။ ယဉ်ကျေးမှုဆိုတာဟာ တစ်နေရာ၊ နှစ်နေရာမှာ ရှိနေရုံနဲ့ ယဉ်ကျေးမှုလို့ ခေါ်လို့မရပါဘူး။ အခုထိဆိုရင် စာကြည့်တိုက်တွေ အင်မတန်နည်းပါတယ်။ အခုကျတော့ ရွှေ့လျားစာကြည့်တိုက်တွေ များလာပြီဆိုတော့ စာကြည့်တိုက်ယဉ်ကျေးမှုအတွက်ကတော့ အခြေခိုင်လာပြီလို့ ယူဆပါတယ်။

**နားလည်မှုရှိရှိနဲ့ အဖြေရှာနိုင်**

ပြတိုက်ယဉ်ကျေးမှုဆိုတာက ပြတိုက်တွေရဲ့တန်ဖိုးကို နားလည်ဖို့၊ ပြတိုက်တွေကိုသွားတတ်ဖို့၊ ပြတိုက်တွေဆိုတာ ဘာအတွက်ဆိုတာကို နားလည်ဖို့ အဲဒီယဉ်ကျေးမှုအတွက် ကျွန်မတို့ထူထောင်ချင်ပါတယ်။ ပြတိုက်တွေကလည်း တစ်ဦးက ပြောပါတယ်။ တော်လှန်ရေးတကာ့ တော်လှန်ရေးထဲမှာ စာရေးတတ်သွားတဲ့ တော်လှန်ရေးဟာ အကြီးအကျယ်ဆုံးပါပဲ။ လူသားတွေက စာရေးတတ်သွားတဲ့၊ စာဖတ်တတ်သွားတဲ့အခါကျတော့ သူတို့ရဲ့ဘဝတွေ လုံးဝပြောင်းသွားတယ်။ အရင်တုန်းကဆိုရင် မျိုးဆက်တစ်ဆက်ဟာ သူသိတဲ့ပညာပဲ မျှဝေရတယ်။ နောက်မျိုးဆက်တွေအတွက် ချန်ခဲ့လို့မရဘူး။ အဲဒီတော့ လူသားတွေရဲ့တိုးတက်မှုက အင်မတန်မှ ကျဉ်းမြောင်းသွားတယ်။ မျိုးဆက်တစ်ခုနဲ့တစ်ခုက ဒီဟာဒီဟာပဲ။ ဒီဟာကနေ ရှေ့မတိုးဘူးဖြစ်သွားတယ်။ စာဖတ်တတ်တယ်၊ စာရေးတတ်တယ်အဆင့်ကို ရောက်သွားတယ်။ စာပေတော်လှန်ရေးကြီးဖြစ်ဖူးတဲ့အခါကျတော့ ကျွန်မတို့သိသမျှ ဗဟုသုတတွေကို မျှဝေလို့ရတယ်။ ကျွန်မတို့ ဘေးပတ်ဝန်းကျင်နဲ့တင် မဟုတ်ဘူး။ နောင်လာမယ့် မျိုးဆက်တွေလည်း မျှဝေလို့ရတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်တို့၏ ရှေ့မှောက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန့်သော်ကောင်းတို့ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြစဉ်။

**❛စာဖတ်ပါ၊ စာဖတ်ပါလို့ အမြဲပဲ ကျွန်မတို့ရဲ့ ပြည်သူလူထု လူကြီး၊ လူငယ်မရွေးကို အားပေးပါတယ်။ စာဖတ်တယ်ဆိုတာ အသက်နဲ့ မဆိုင်ပါဘူး။ စာဖတ်တတ်လာပြီဆိုရင် ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ စာဖတ်လို့ရပါတယ်။ ကျွန်မတို့ရဲ့ လူငယ်တွေကို အားပေးချင်တာက တစ်နေ့ကိုတော့ နည်းနည်းတော့ စာဖတ်ဖြစ်အောင်ဖတ်ပါ။ ကိုယ့်စိတ်ထဲမှာတော့ တစ်နေ့ကို တစ်ရွက်နှစ်ရွက်လောက်၊ တစ်မျက်နှာ၊ နှစ်မျက်နှာလောက်တော့ ရအောင်ဖတ်မယ်ဆိုပြီးတော့ သန္နိဋ္ဌာန်ချကြပါလို့ တိုက်တွန်းချင်ပါတယ်။**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် စာအုပ်တွေဖတ်သလိုပါပဲ။ ပြတိုက်မှာ ပြထားတဲ့ပစ္စည်းတွေကို ဖတ်တတ်၊ သုံးတတ်လာပြီဆိုရင် စာအုပ်တွေဖတ်သလိုပဲ ကျွန်မတို့ယဉ်ကျေးမှုအကြောင်း၊ တခြားယဉ်ကျေးမှုတွေအကြောင်း၊ ကမ္ဘာကြီးရဲ့သမိုင်းအကြောင်း၊ ကျွန်မတို့နိုင်ငံရဲ့ သမိုင်းအကြောင်း အများကြီးနားလည်နိုင်ပါတယ်။ နောက်ဆုံးကျတော့ ယဉ်ကျေးမှုပညာဆိုတာက တစ်ယောက်နဲ့တစ်ယောက်ပိုပြီးတော့ နားလည်မှုရှိရှိနဲ့ အဖြေရှာနိုင်ဖို့အတွက် ဖြစ်ပါတယ်။

စာအုပ်ဖတ်တယ်ဆိုတာကလည်း တစ်ယောက်နဲ့တစ်ယောက်နားလည်ဖို့ဖြစ်ပါတယ်။ သုတေသနပညာရှင်

ကျွန်မတို့ လူသားတွေရဲ့သမိုင်း၊ လူသားတွေရဲ့ ယဉ်ကျေးမှုအဆောက်အဦကြီးကို ခိုင်ခိုင်မာမာဖြစ်အောင် တွန်းလှန်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အခု စာအုပ်စာပေ၊ စာကြည့်တိုက်စာပေ၊ ပြတိုက်စာပေ၊ ယဉ်ကျေးမှု၊ လူသားတွေရဲ့သမိုင်း၊ လူသားတွေရဲ့တိုးတက်မှုနဲ့ အင်မတန်မှသက်ဆိုင်တဲ့လုပ်ငန်းတွေကို ကျွန်မတို့ရဲ့ ပြန်ကြားရေးဝန်ကြီးဌာနကဦးဆောင်ပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနဲ့ ရွှေ့လျားစာကြည့်တိုက်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး လုပ်ဆောင်သွားမယ်ဆိုတာသိရလို့ အင်မတန်မှလည်း ဝမ်းသာပါတယ်။ ဒီဟာလည်း အထူးကို အောင်မြင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်ဟု ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လူထုအခြေပြုဗဟိုဌာန (Community Centre)များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး စာကြည့်တိုက်များသည် အတိုင်းအတာတစ်ခုဖြင့် အလုပ်လုပ်နေရခြင်းဖြစ်ပါကြောင်း၊ ထိုအနေအထားမှ ကော့မှူးမြို့နယ်တွင် ရွှေ့လျားစာကြည့်တိုက်၊ Mobile Library၊ မော်တော်ယာဉ်နှင့် စာအုပ်များ ငှားရမ်းပါကြောင်း၊ စာအုပ်များကလည်း အသစ်များဖြစ်ပါကြောင်း၊ နယ်လှည့်ပြီးစာအုပ်ငှားသည့် အလုပ်ကိုတွဲဖက်ပြီး ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ တခြားလူငယ်များအတွက် အရည်အချင်းမြှင့်သည့် သင်တန်း စသဖြင့် တွဲပြီးလုပ်သည့်အခါ မိမိတို့အဖို့ စိတ်ဝင်စားစရာကောင်းလာပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်များသည် ငြိမ်သက်နေသည့် ပြည်သူ့စာကြည့်တိုက်များဖြစ်နေရာမှ အခု Community Centre ဆိုသည့် အနေအထားမျိုးဖြစ်အောင် ပြောင်းလဲနိုင်လျှင် ယင်းစာကြည့်တိုက်များသည် ပိုပြီးအသက်ဝင်လာမည်၊ လှုပ်ရှားလာမည်၊

စာမျက်နှာ ၅ သို့ ◆

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူထုအခြေပြုဗဟိုဌာနများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ ညနေပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည့် လူထုအခြေပြု ဗဟိုဌာန (Community Centre) များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။



### တက်ရောက်ဆွေးနွေး

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ နေပြည်တော် ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင် ဒေါက်တာသန့်သော်ကောင်းတို့ တက်ရောက်ဆွေးနွေး ကြသည်။

အစည်းအဝေးတွင် လူထုအခြေပြုဗဟိုဌာနများကို အခြေပြုပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရွေ့လျား စာကြည့်တိုက်လုပ်ငန်းများနှင့် ကွန်ပျူတာသင်တန်းများဆောင်ရွက်မှု၊ ကလေးစာဖတ်ခန်းနှင့် ပြတိုက်ငယ်များဆောင်ရွက်မှု၊ ပြည်သူ့စကားဝိုင်း (Public Talk)များနှင့် စာဖတ်ဝိုင်းများကျင်းပမှု၊ ပြပွဲပြိုင်ပွဲများအပါအဝင် လှုပ်ရှားဆောင်ရွက်မှုများနှင့် ဘဏ္ဍာငွေ လျာထားဆောင်ရွက်မှုတို့ကို ဝိုင်းဝန်း အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

◆ စာမျက်နှာ ၄ မှ

ထိုစာကြည့်တိုက်တွင် တာဝန်ထမ်းဆောင်နေရသူများ ကလည်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုလည်း ပိုရှိလာမည်၊ တန်ဖိုးလည်းပိုရှိလာမည်၊ ထို့ပြင် ထိုနေရာများသည် ရပ်ရွာအတွက်လည်း ပိုပြီးအသုံးဝင်သည့် နေရာများ ဖြစ်လာမည်ဟု မိမိတို့မြင်ပါကြောင်း။

မြင်သည့်အတွက်ကြောင့် မိမိတို့၏ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးနှင့် စာကြည့်တိုက်များကို Community Centre များအဖြစ်သို့ ပြောင်းလဲ ဆောင်ရွက်နေပါကြောင်း၊ ထို့အတွက် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းက ဤလုပ်ငန်းကို စတင်ပြီး မိမိတို့ကို စိတ်ကူးစိတ်သန်းများပေးသည့်အတွက် ကျေးဇူးတင်ရှိပါ ကြောင်း။

### မြို့လယ်နေရာများတွင်ရှိ

ထိုသို့ ဖွင့်လှစ်သည့်အခါ မိမိတို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးသည် များသောအားဖြင့် မြို့ ခရိုင် များ၏ မြို့လယ်နေရာများတွင် ရှိပါကြောင်း၊ ရှိသော် လည်း မိမိတို့စာကြည့်တိုက်ထဲမှ စာအုပ်များ ဟောင်းနွမ်း နေသလို စာကြည့်တိုက်အဆောက်အအုံများကလည်း တော်တော်လေး ဟောင်းနွမ်းနေပါကြောင်း၊ မိမိတို့နေရာ များသည် သပ်သပ်ရပ်ရပ် သားသားနားနား မရှိပါကြောင်း၊ ဥပဓိရုပ် သိပ်ပြီး မကောင်းပါကြောင်း၊ သို့သော် ဥပဓိရုပ် ကောင်းအောင် ပြင်ဆင်ရန် ကုန်ကျမည့်စရိတ်များ ကလည်းရှိပါကြောင်း၊ သို့ဖြစ်၍ တစ်ဖက်က ဖြစ်နိုင် အောင် မိမိတို့ကြိုးစားရပါကြောင်း၊ စိတ်ပါဝင်စားသူများ ထံမှလည်း အကူအညီတောင်းပါကြောင်း၊ တစ်ချိန်တည်း မှာ အဆောက်အအုံများ၏ ဥပဓိရုပ်ကို မပြင်နိုင်သေးသော် လည်း ထိုအဆောက်အအုံထဲမှာ Community Centre ၏ လုပ်ငန်းများကို လုပ်နိုင်သလောက်၊ လုပ်၍ရသလောက် လုပ်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် လုပ်ပါကြောင်း။

မိမိတို့ ခရိုင်ရုံးများမှ လာရောက်သူများအား ၎င်းတို့ နေရာကို ရပ်ရွာတွင် မရှိမဖြစ်သည့်နေရာမျိုးတစ်ခုဖြစ် လာအောင် အမြဲတမ်းတိုက်တွန်းပါကြောင်း၊ မိမိတို့နေရာ ကို မိတ်ဆွေတစ်ယောက်နှင့်တစ်ယောက် ချိန်းချက် တွေ့ဆုံသည့် နေရာမျိုးပဲဖြစ်ဖြစ် ဒါမှမဟုတ် စာအုပ် တစ်အုပ်နှင့် လာထိုင်နေပါက သို့မဟုတ် လေး၊ ငါးယောက် လောက်တွေ့ပြီး စကားဝိုင်းဖွဲ့သည်ဆိုလျှင်လည်း မိမိတို့ ဆီမှာ လွတ်နေသည့် နေရာလေးများရှိကြောင်း စသည် ဖြင့် နည်းအမျိုးမျိုးဖြင့် လူတွေလာအောင်လုပ်ပါ၊ တဖြည်းဖြည်း ရပ်ရွာမှ အခြားကိစ္စ ဆွေးနွေးရန်၊ တိုင်ပင် နှီးနှောရန် ဖိတ်ခေါ်ပါ၊ လာပါဟု ကြိုဆိုပါ၊ အဲဒီလိုလုပ်ခြင်း အားဖြင့် တစ်နေ့သောအခါ ဒီနေရာသည် မရှိမဖြစ် နေရာ ဖြစ်လာမည်၊ သူများအရပ်ဒေသများတွင် Community Centre ဆိုတာ ရပ်ရွာမှန်ရင် Community Centre တစ်ခုတော့ရှိရမည်ဆိုသည့် အနေအထားမျိုးရောက်အောင် လုပ်ပါ၊ ထိုသို့ဖြစ်လာလျှင် မိမိတို့၏ နေရာသည် အဖိုး တန်ပြီး မိမိတို့ ကိုယ်တိုင်သည်လည်း ယခုထက် အများကြီး တန်ဖိုးရှိသည့် သူတွေဖြစ်ပါလိမ့်မည်ဆိုသည့်သဘောမျိုး ပြောဆိုထားပါကြောင်း ၊ လူငယ်တစ်ယောက်က အိမ်က ထွက်သွားတယ်၊ ဘယ်သွားမလို့လဲဆိုရင် Community Centre ကို သွားမည်ဆိုတာမျိုး အလေ့အထမျိုးရလာ အောင်ဆိုသည့် ရည်ရွယ်ချက်ဖြင့် လုပ်နေပါကြောင်း။

ယနေ့ လွှဲပြောင်းပေးအပ်မှုနှင့်ပတ်သက်ပြီး မိမိတို့ကို Community Centre ၏ အသုံးအဆောင်ပစ္စည်းများ၊ ဝန်ထမ်းများနှင့်တကွ လုပ်ငန်းတာဝန်ပါ လွှဲအပ်ပေးသည့် အတွက် အထူးကျေးဇူးတင်ပါကြောင်း၊ မိမိတို့ကို ယုံကြည် စိတ်ချစွာလွှဲအပ်သည်ဟု ခံယူသည့်အတွက် ကျေးဇူးလည်း တင်ပါကြောင်း၊ ဂုဏ်လည်းယူပါကြောင်း၊ မိမိတို့အနေ ဖြင့်လည်း ယုံကြည်စိတ်ချစွာ လွှဲအပ်ခြင်းနှင့်ထိုက်တန် အောင် ကြိုးစားမည်ဖြစ်ပါကြောင်း၊ Community Centre ၏ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ကြီးမှူးသည့် ပုဂ္ဂိုလ်များ၊ ချမှတ်ထားခဲ့သော လုပ်ငန်းယန္တရားပုံစံများ အတိုင်း ဆက်လက်ပြီး လည်ပတ်နိုင်အောင်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊ အကူးအပြောင်းကာလ၊ လွှဲပြောင်းပြီးစကာလမှာ နည်းနည်းစောင့်ကြည့်ပြီး လိုအပ် သည်များရှိလျှင် ထောက်ပြပေးပါဟု မေတ္တာရပ်ခံလို ပါကြောင်း။

### ဝမ်းသာစွာဖြင့် ကြိုဆို

နောက်တစ်ခုမှာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို ကူညီ ခဲ့ကြသည့်၊ အမြဲလှူဒါန်းခဲ့ကြသည့် နိုင်ငံတကာမှရော၊ ပြည်တွင်းကရော ပုဂ္ဂိုလ်များရှိပါကြောင်း၊ လှူဒါန်းရာတွင် Community Centre အတွက် လှူဒါန်းသည့် အစိတ် အပိုင်း တစ်စိတ်တစ်ဒေသပါမည် ဖြစ်ပါကြောင်း၊ Community Centre နှင့် ရွေ့လျားစာကြည့်တိုက်များ အတွက် လှူဒါန်းနေသည့် ပုဂ္ဂိုလ်များအနေဖြင့် ယခုအခါ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ရွေ့လျားစာကြည့်တိုက် အလုပ်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလိုက်ပြီ ဖြစ်သည့်အတွက် မိမိတို့ တာဝန်ပြီးဆုံးသွားပြီဟု မခံယူ စေလိုပါကြောင်း၊ နဂိုမူလ လုပ်ကိုင်ဆောင်ရွက်နေခဲ့သည့် အလုပ်ကို ဒီထက်မက ပိုပြီးကျယ်ဝန်းအောင်၊ ပိုပြီးနက်ရှိုင်း အောင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လူအင်အား၊ ဝန်ဆောင်မှုအင်အားရှိသည့်အတွက် မိမိတို့ ဆောင်ရွက် နိုင်ပါကြောင်း၊ ထို့ကြောင့် ဒီရွေ့လျားစာကြည့်တိုက် လုပ်ငန်းကို ဒီထက်မက ကျယ်ပြန့်အောင်အတွက် လှူဒါန်း မည် ဆိုလျှင်လည်း မိမိတို့ ဝမ်းသာစွာဖြင့် ကြိုဆိုမည်ဟု ပြောလိုပါကြောင်း၊ ဆက်လက်လှူဒါန်းအားပေး ကူညီကြ ပါဟု မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ရွေ့လျား စာကြည့်တိုက်များ ဆောင်ရွက်မှုမှတ်တမ်းဗွီဒီယိုကို ပြသ သည်။

ယင်းနောက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လူထု အခြေပြုဗဟိုဌာနများတွင် အသုံးပြုလျက်ရှိသည့် ရွေ့လျား စာကြည့်တိုက်ယာဉ်များနှင့် စက်ကိရိယာပစ္စည်းများ၊ စာအုပ်စာစောင်များ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့အကြား လူထုအခြေပြုဗဟိုဌာန များ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကိုပြုလုပ်ရာ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်တို့၏ ရှေ့မှောက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဗဟိုအလုပ်အမှု ဆောင် ဒေါက်တာသန့်သော်ကောင်းတို့က နားလည်မှု စာချွန်လွှာများတွင် လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

### ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်များနှင့် ဧည့်သည်တော်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးနှင့်တာဝန်ရှိသူများနှင့်လည်းကောင်း၊ နေပြည်တော် ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီး များ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများနှင့်လည်းကောင်း စုပေါင်းမှတ်တမ်း တင် ဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသူများသည် သင်္ဂဟဟိုတယ်မျက်နှာ စာတွင် ပြသထားသည့် လူထုအခြေပြုဗဟိုဌာနများ ဖွင့်လှစ်ခဲ့မှု၊ လူထုအခြေပြုဗဟိုဌာနများတွင် လှုပ်ရှား ဆောင်ရွက်မှုများ၊ ပြည်သူ့စကားဝိုင်း (Public Talk) များ ဆောင်ရွက်နိုင်မှုနှင့် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ လွှတ်တော်ရန်ပုံငွေနှင့် စေတနာရှင် အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် လူထုအခြေပြုဗဟိုဌာနများ တွင် ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများကိုလည်း ကောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လူထု အခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်များတွင် ကြည့်ရှုအားပေးမှု မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ ရွေ့လျားစာကြည့်တိုက် ယာဉ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း တို့သည် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရုံးနှင့် စာကြည့်တိုက်ကို လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့် မြှင့်တင်ဆောင်ရွက်မှုနှင့်အတူ ရွေ့လျားစာကြည့်တိုက် လုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်းကို ၂၀၁၃ ခုနှစ်က နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီး စတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

### လွှဲပြောင်းပေးအပ်

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၏ ခရိုင်နှင့် မြို့နယ်ရုံး၊ စာကြည့်တိုက်များကို လူထု အခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်မှုနှင့် ရွေ့လျား စာကြည့်တိုက်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ သုံးနှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ဆောင်ရွက် ခဲ့ရာ ယခုအခါ ကော့မှူးမြို့နယ်ရုံး၊ အင်းစိန်ခရိုင်ရုံး၊ မြောင်းမြခရိုင်ရုံး၊ နတ်မောက်မြို့နယ်ရုံး၊ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်ရုံး၊ မြစ်ကြီးနားခရိုင်ရုံး၊ မန္တလေးခရိုင်ရုံး၊ ဘားအံခရိုင်ရုံး၊ ထားဝယ်ခရိုင်ရုံး၊ လွိုင်ကော်ခရိုင်ရုံး၊ စစ်ကိုင်းခရိုင်ရုံး၊ မော်လမြိုင်ခရိုင်ရုံး၊ သံတွဲခရိုင်ရုံး၊ ဟားခါး ခရိုင်ရုံးနှင့် တောင်ငူခရိုင်ရုံး နေရာ ၁၅ ခုတွင် ဆောင်ရွက် ခဲ့ပြီး ရှမ်းပြည်နယ် ကလောမြို့၌ သီးခြားဆောင်ရွက်မှု အပါအဝင် စုစုပေါင်းနေရာ ၁၆ ခုတွင် ဆောင်ရွက်လျက် ရှိသည့် စုစုပေါင်း ငွေကျပ်သန်း ၁၀၀၀ ကျော် တန်ဖိုးရှိ ရွေ့လျားစာကြည့်တိုက်ယာဉ် ၁၇ စီး၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ၃၄၆ စုံ၊ စာအုပ်စာစောင် ၁၁၀၀၀၀ ကျော်နှင့်အတူ ကျွမ်းကျင်ဝန်ထမ်း ၂၈ ဦးတို့ကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း ဖြစ်သည်။

ထို့ပြင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ခရိုင် နှင့်မြို့နယ်ရုံး စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာန များအဖြစ် အဆင့်မြှင့်တင်မှုနှင့် ရွေ့လျားစာကြည့်တိုက် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ ကိုလည်း ယနေ့တွင် သက်တမ်းတိုး လက်မှတ်ရေးထိုးပြီး လုပ်ငန်းများ အရှိန်အဟုန်မပျက် တိုးတက်ဆောင်ရွက် နိုင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုလိုနီခေတ် မြန်မာ့နိုင်ငံရေးသမိုင်းတွင် အညီညွတ်ဆုံးကာလ (သို့မဟုတ်) ဂျီစီဘီအေ နဝမ ကွန်ဖရင့်

မြင့်ဆွေဦး

ဘကြီးဘေခေါ် ဦးဘဘေသည် သူငယ်ချင်းများဖြစ်သူ ဆာမောင်ကြီး၊ ဒေါက်တာဘရင်တို့နှင့် တစ်နေ့တွင် နံနက်စောစော အိမ်မှ ထွက်လာခဲ့ကြသည်။ ဗိုလ်ချုပ်လမ်းနှင့် လွှစက်လမ်းထောင့်တွင် ဝိုင်အမ်စီအေအသင်း (ခရစ်ယာန်ကလျာဏယုဝအသင်း)ကို သွားတွေ့လေသည်။

ထို့နောက် ဝိုင်အမ်စီအေကဲ့သို့ ဝိုင်အမ်ဘီအေအသင်း ထူထောင်ရန် အကြံရပြီး ၁၉၀၆ ခုနှစ်တွင် ဦးဘဘေတို့ လူငယ်တစ်စုသည် ဝိုင်အမ်ဘီအေအသင်း (Young Men's Buddhist Association) ကို ထူထောင်ကြလေသည်။ ဘာသာရေးကို ဦးတည်၍ စည်းဝေးရင်း စည်းရုံးလာခဲ့ရာ အသင်းသားဦးရေ တိုးပွားလာခဲ့လေသည်။

၁၉၁၀ ပြည့်နှစ်သို့ ရောက်သည့်အခါ အနယ်နယ် အရပ်ရပ်တွင် ဝိုင်အမ်ဘီအေအသင်းများ နေ့ချင်းညချင်း ပေါ်ပေါက်လာခဲ့ပြီး ထိုအသင်းများ၏ ပထမဆုံးအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့တွင် ကျင်းပနိုင်ခဲ့သည်။

ထိုသို့ ပြည်လုံးကျွတ် အစည်းအဝေးကြီးများကို ပြုလုပ်ပြီး ဘာသာရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာ တောင်းဆိုမှုများ ပြုလုပ်လာခဲ့လေသည်။ မြန်မာအမျိုးသားများ နိုးကြားလာအောင် လှုံ့ဆော်စည်းရုံးပေးနိုင်ခဲ့လေသည်။

ထို့နောက် ၁၉၂၀ ပြည့်နှစ် ပြည်မြို့တွင် ကျင်းပသော အဋ္ဌမအကြိမ် ပြည်လုံးကျွတ် အစည်းအဝေးကြီး၌ တစ်နိုင်ငံလုံးရှိ အသင်းများကို စုပေါင်းပြီး နိုင်ငံရေးအသင်းအဖွဲ့ကြီး ထူထောင်လိုက်တော့သည်။ ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၉ ရက်နေ့က ကျင်းပသော ထိုအဋ္ဌမအကြိမ်မြောက် ဝိုင်အမ်ဘီအေအသင်းချုပ်ညီလာခံ၏ ဆုံးဖြတ်ချက်အရ ဝိုင်အမ်ဘီအေနှင့်အလားတူ အသင်းများ၏ အသင်းချုပ်ဟူသောအမည်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာအသင်းချုပ်ကြီး (General Council of Burmese Associations) သို့မဟုတ် အင်္ဂလိပ်ဘာသာ အတိုအားဖြင့် ဂျီစီဘီအေ (G.C.B.A) ဟု ခေါ်တွင်ရန် ဟူ၍ ဖြစ်သည်။

ဂျီစီဘီအေမြန်မာအသင်းချုပ်ကြီး၏ နဝမအကြိမ်မြောက် ကွန်ဖရင့်ကို ၁၉၂၁ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ မန္တလေးမြို့ တာရဲတန်းတွင် အထူးဆောက်လုပ်ထားသော မင်္ဂလာမဏ္ဍပ်ကြီး၌ ကျင်းပခဲ့သည်။ မြန်မာအမျိုးသမီးအဖွဲ့များအပါအဝင် အသင်းခွဲပေါင်း တစ်သောင်းကျော်မှ ကိုယ်စားလှယ်များနှင့် ရှင်ရော၊ လူပါ ပရိသတ်တစ်သိန်းကျော် တက်ရောက်ခဲ့သည်။

ကိုလိုနီခေတ် မြန်မာနိုင်ငံတွင်ပြုလုပ်သော အစည်းအဝေးကြီးများအနက် စည်းကမ်းကျနစ၍ အစည်ကားဆုံး အစည်းအဝေးကြီးတစ်ခု ဖြစ်သည်။ မစ္စတာမောင်မှိုင်း (ဆရာကြီး သခင်ကိုယ်တော်မှိုင်း) က ဂုဏ်ပြုဩဘာစာ ရေးသား၍ ကွန်ဖရင့်သို့ တင်ဆက်ဖွင့်လှစ်ခဲ့သည်။

ထိုနဝမအကြိမ် ကွန်ဖရင့်ကြီးတွင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသူမှာ နေမျိုးသိဒ္ဓိကျော်ထင်ဘွဲ့ရ ဒီပဲယင်းဝန်ထောက် ဦးမြဲဖြစ်သည်။ ဒီပဲယင်းဝန်ထောက်ဦးမြဲမှာ အသက် ၁၁ နှစ်အရွယ်ကပင် အိမ်ရှေ့မင်းသား ကနောင်မင်းသားထံ ဝင်ရောက်ခစားခဲ့ပြီး ၁၂၂၅ ခုနှစ်တွင် အိမ်ရှေ့မင်းသားက ဦးမြဲနှင့် အခြားလူငယ် ငါးယောက်တို့ကို ကာလကတ္တားမြို့ရှိ ကောလိပ်ကျောင်းသို့ ပညာသင် စေလွှတ်ခဲ့သည်။

အိမ်ရှေ့မင်း နတ်ရွာစံလွန်တော်မူသောအခါ မင်းတုန်းမင်းထံ ပြန်လာခဲ့သည်။ ထို့နောက် မင်းတုန်းမင်းက ဦးမြဲအား စစ်ဘက်ပညာသင်ကြားရန် အင်္ဂလန်ပြည် ဝူးလ်စစ်မြို့ရှိ စစ်ဘက်ဆိုင်ရာ ပညာသင်ကျောင်းသို့ ထပ်မံစေလွှတ်ခဲ့သည်။

၁၂၃၃ ခုနှစ်တွင် ကင်းဝန်မင်းကြီး အမှူးရှိသော သံအမတ်များကို အင်္ဂလန်ပြည်သို့ စေလွှတ်သောအခါ ဦးမြဲလည်း ကင်းဝန်မင်းကြီးနှင့်အတူ စီမံဆောင်ရွက်ရမည်ဟု ဘုရင်မင်းမြတ်က အမိန့်တော်မြွက်လိုက်သဖြင့် ဦးမြဲသည် ကျောင်းမှထွက်ပြီး ကင်းဝန်မင်းကြီးနှင့်အတူ ဆောင်ရွက်ရန်ကိစ္စများကို ဆောင်ရွက်ပြီးနောက် အင်္ဂလန်နှင့် ပြင်သစ်ပြည်တို့သို့ လှည့်လည်ကြည့်ရှုရလေသည်။

မြန်မာဘုရင် ကိုယ်စားလှယ်တော်ကြီးအဖြစ် လန်ဒန်မြို့သို့ သွားရောက်ဆောင်ရွက်နေစဉ် နေမျိုးသိဒ္ဓိကျော်ထင်ဘွဲ့ဖြင့် ချီးမြှင့်ခြင်းခံရသည်။ ဒွေကဘုရင်မင်းမြတ်သည် အိမ်ရှေ့မင်းအဖြစ်နှင့် ကာလကတ္တားမြို့သို့ ရောက်လာရာ ကင်းဝန်မင်းကြီးနှင့် ဦးမြဲတို့ ကာလကတ္တားမြို့သို့ ကိုယ်စားသွားရောက်၍ နှုတ်ခွန်းဆက်သခဲ့ရလေသည်။

၁၂၃၈ ခုနှစ်နှင့် ၁၂၃၉ ခုနှစ်များတွင် ဦးမြဲသည် သံအမတ် ညောင်လှဝန်ထောက်နှင့်အတူ အီတလီ၊ စပိန်၊ ပေါ်တူဂီနှင့် ပြင်သစ်နိုင်ငံတို့သို့ သွားရောက်ခဲ့ရသည်။ ထို့နောက် အီတလီနိုင်ငံ ရောမမြို့သို့သွားရောက်၍ ကုန်ကူးသန်းရောင်းဝယ်ရေး စာချုပ်ရန်အတွက် ထပ်မံသွားရောက်ခဲ့ရသည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး မကြာမီ သီပေါမင်းနန်းတက်သောအခါ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ထမ်းရွက်ရလေသည်။

ဗြိတိသျှအစိုးရလက်ထက်တွင် ဝန်ထောက်ရာထူး ချီးမြှင့်ခြင်းခံရသည်။ ၁၂၇၂ ခုနှစ်တွင် မြန်မာပြည်ဥပဒေပြုမင်းတိုင်ပင်အမတ်အဖြစ် ချီးမြှင့်ခန့်ထားခြင်းခံရသည်။

ဂျီစီဘီအေ နဝမအကြိမ်ကွန်ဖရင့်တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး တိုင်းရေးပြည်ရေးကိစ္စများကို ဟောပြောခဲ့သဖြင့် အင်္ဂလိပ်အစိုးရက ပင်စင်လစာငွေ မည်သည့်အတွက် ရပ်ဆိုင်းသင့်ကြောင်းကို ထုချေလွှာတင်သွင်းရန် တောင်းဆိုခဲ့လေသည်။

ဂျီစီဘီအေ နဝမကွန်ဖရင့်၌ ဒီပဲယင်းဝန်ထောက် ဦးမြဲသည် ရဲရဲတောက်မကြောက်မရွံ့ ဟောပြောခဲ့ခြင်းဖြစ်သည်။ ဦးမြဲ၏ ဟောပြောချက်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်–

"ကျွန်ုပ်တို့ အထူးသဖြင့် ဝမ်းနည်းခြင်းဖြစ်ရသော အရာမှာ အစိုးရတို့သည် ဘာသာအယူဝါဒ၌ မလိမ့်တပတ်သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း ရန်မူသောနည်းစနစ်တို့ဖြင့် ဝင်ရောက်စွက်ဖက်ခြင်းဖြစ်သည်။ အချို့ အနည်းငယ်သောအချက်တို့ကို ဖော်ပြရမည်ဆိုသော် အစိုးရတို့သည် ပြည်သူတို့က ကန့်ကွက်ကြသော်လည်း ကျွန်ုပ်တို့၏ ကိုးကွယ်ရာ အထွတ်အမြတ်ဖြစ်သော ဘုရားကျောင်းကန် ပရိဝုဏ်အတွင်းတို့၌ ဖိနပ်စီးနင်းခြင်းများနှင့်စပ်လျဉ်း၍ ခြွင်းချက်ထားလျက် ခွင့်ပြုသည့်အပြင် ရွှေတိဂုံဘုရားပေါ်၌လည်း ဗုံးတပ်နှင့် ခံတပ်များကို တည်ထားရာ ပြည်သူတို့၏ ဘာသာအယူဝါဒအရေးနှင့် များစွာ ဆန့်ကျင်လျက်ရှိသည်။"

ထို့နောက် နိုင်ငံခြားကုန်ပစ္စည်းများကို သပိတ်မှောက်ရန် ဦးမြဲက ပြောကြားခဲ့သည်–

"ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် အစားအသောက် လုံလောက်စွာရှိသည့်အပြင် နိုင်ငံခြားသို့တင်ပို့ ရောင်းချရန်ပင် ပိုမိုလျက်ရှိသည်။ ထို့ပြင် ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ဝါများလည်း ရရှိနိုင်လေသည်။ သို့ရာတွင် ကျွန်ုပ်တို့မှာ နိုင်ငံခြားမှလာသော အထည်အလိပ်တို့ကို သုံးဆောင်ဝတ်စားကြသဖြင့် များစွာဝမ်းနည်းဖွယ်ကောင်းလေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ပြဋ္ဌာန်းဆုံးဖြတ်ပြီးဖြစ်သော နိုင်ငံခြားကုန်များကို သပိတ်မှောက်ခြင်းကိစ္စအတွက် ကောင်းစွာထမြောက်အောင် ဆောင်ရွက်ကြရပေလိမ့်မည်။

"တိုင်းရင်းသားတို့၏ လက်မှုပညာရပ်များကို တစ်ဖန်ပြန်၍ ကြီးပွားဖြစ်ထွန်းစေလိုလျှင် ယခင် ဆိုခဲ့သော နိုင်ငံခြားကုန်များကို သပိတ်မှောက်ခြင်းကိစ္စသည် မလွှဲမရှောင်သာသော အမှန်မုချ ဆောင်ရွက်ကြရမည့် တာဝန်ကြီးတစ်ခုဖြစ်ပေသည်။

စာမျက်နှာ ၇ သို့❖


ဂျီစီဘီအေ ဦးစိုးသိမ်း


လှိုင်ပုကျော် ဂျီစီဘီအေအတွင်းရေးမှူး သာယာဝတီ ဦးပု


မစ္စတာမောင်မှိုင်း (ဆရာကြီး သခင်ကိုယ်တော်မှိုင်း)

**ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ဝါများလည်း ရရှိနိုင်၊ သို့ရာတွင် ကျွန်ုပ်တို့မှာ နိုင်ငံခြားမှလာသော အထည်အလိပ်တို့ကို သုံးဆောင်ဝတ်စားကြသဖြင့် များစွာဝမ်းနည်းဖွယ်ကောင်း၊ သို့ဖြစ်၍ ကျွန်ုပ်တို့ ပြဋ္ဌာန်းဆုံးဖြတ်ပြီးဖြစ်သော နိုင်ငံခြားကုန်များကို သပိတ်မှောက်ခြင်းကိစ္စအတွက် ကောင်းစွာထမြောက်အောင် ဆောင်ရွက်ကြရပေလိမ့်မည်။**

**"တိုင်းရင်းသားတို့၏ လက်မှုပညာရပ်များကို တစ်ဖန်ပြန်၍ ကြီးပွားဖြစ်ထွန်းစေလိုလျှင် ယခင် ဆိုခဲ့သော နိုင်ငံခြားကုန်များကို သပိတ်မှောက်ခြင်းကိစ္စသည် မလွှဲမရှောင်သာသော အမှန်မုချ ဆောင်ရွက်ကြရမည့် တာဝန်ကြီးတစ်ခု ဖြစ်ပေသည်။**


ဂျီစီဘီအေ နဝမမြောက် ကွန်ဖရင့်သဘာပတိ ဒီပဲယင်းဝန်ထောက် ဦးမြဲနှင့် သက်တော်စောင့် ဦးဘဌေး

❖ စာမျက်နှာ ၆ မှ


“ဤသပိတ်မှောက်ခြင်းကိစ္စ တစ်စတစ်စ အောင်မြင်ထမြောက်လာသောအခါ ချည်လုပ်ခြင်းနှင့် ရက်ကန်းပညာရပ်တို့သည် အလိုအလျောက် ပေါ်ပေါက်ဖြစ်ထွန်းလာမည်ဖြစ်သည်။ များမကြာမီအတွင်း ကျွန်ုပ်တို့ မြန်မာလူမျိုးများဝတ်ဆင်ရန် အထည်အလိပ်တို့ကို ကျွန်ုပ်တို့ကိုယ်တိုင် ပြည့်စုံလုံလောက်အောင် ရက်လုပ်နိုင်သောအခြေအနေသို့ရောက်အောင် အားထုတ်ကြိုးစားရပေလိမ့်မည်။ အမျိုးသားတို့ ကြီးပွားရာကြီးပွားကြောင်းကိုလိုလားလျှင် တိုင်းသူပြည်သားတို့သည် တစ်အိမ်လျှင်ရက်ကန်းတစ်စင်ကျ တည်ထောင်ထားရန် စီမံကြရပေလိမ့်မည်။”

ဒိုင်အာခီအုပ်ချုပ်ရေးကို ဆန့်ကျင်ကန့်ကွက်ရန်လည်း ထည့်သွင်းပြောကြားသွားခဲ့လေသည်–

“မြန်မာပြည်ကို ဂါဗနာမင်းကြီး အုပ်ချုပ်သော ပြည်နယ်အဖြစ် စီမံအုပ်ချုပ်ရန် ပါလီမန်က ဆုံးဖြတ်ပြဋ္ဌာန်းပြီးဖြစ်၍ အိန္ဒိယပြည်တွင် နေရာတကျမရှိဘဲ အခက်အခဲတို့ဖြင့် ပြွမ်းလျက်ရှိသော ဒိုင်အာခီအုပ်စိုးနည်းကို မြန်မာလူမျိုးအပေါ်သို့ စပ်ပေးလိမ့်မည်။ ထို့ပြင်လည်း မြန်မာပြည်ကိုပေးမည့် ဒိုင်အာခီအုပ်စိုးနည်းသည် ဒိုင်အာခီထက် ညံ့ဖျင်းသေးသိမ်ပါသဖြင့် ဤကဲ့သို့ပေးခြင်းမှာ မြန်မာလူမျိုးတို့အား တိုက်ရိုက်စော်ကားရာရောက်သည်ဟု ကျွန်ုပ်က ပြောဆိုပါသည်။

“မြန်မာလူမျိုးတို့သည် အင်္ဂလိပ်တို့က လုယူထားသော မိမိတို့ရသင့်ရထိုက်သည့်အခွင့်အရေးတို့ကိုတောင်းဆိုရန် ဗြိတိသျှပါလီမန်လွှတ်တော်သို့ နှစ်ကြိမ်တိုင်တိုင် ကိုယ်စားလှယ်ကြီးစေလွှတ်၍ မိမိတို့တိုင်းပြည်ကို မိမိတို့ကိုယ်တိုင်အုပ်ချုပ်နိုင်သော အရည်အချင်းရှိကြောင်း ပြသခဲ့သော်လည်း ဗြိတိသျှဗျူရိုကရက်တို့က အကန်းသဖွယ် မမြင်ဟန်ပြုကြပြီးလျှင် မြန်မာပြည်သားတို့ လွတ်လပ်ချမ်းသာရန် အားကြိုးမာန်တက် ဆောင်ရွက်ရခြင်းကို တစ်မျိုးပြီးတစ်မျိုး ရှာကြံနှောင့်ယှက် ဟန့်တားလျက် ရှိလေသည်။

မြန်မာပြည်သို့ အုပ်ချုပ်ရေးတိုးမြှင့်ပေးသင့်၊ မသင့် စုံစမ်းစစ်ဆေးရန် ဗိုက်ကော်မတီဖွဲ့စည်းပေးခဲ့သည်။ ယင်းသို့ဖွဲ့စည်းပေးပြီး မြန်မာနိုင်ငံသို့လာရောက်စုံစမ်းစစ်ဆေးမည်ဟု ဆိုသည်ကိုလည်း ဒီပဲယင်းဝန်ထောက် ဦးမြဲက သပိတ်မှောက်ရန် တိုင်းသူပြည်သားတို့အား အတိအလင်း တိုက်တွန်းပြောကြားခဲ့လေသည် –



ဘော၊ ပု၊ ရှိန် တို့ မြန်မာပြည်မှ အင်္ဂလန်သို့အသွား ရန်ကုန်ဆိပ်ကမ်းမှ မထွက်ခွာမီ သင်္ဘောပေါ်တွင် ခေါင်းပေါင်းနှင့်သူမှာ ဦးထွန်းရှိန်၊ ဦးဘဘောဖြစ်ပြီး အလယ်မှ ဥရောပဝတ်စုံနှင့်သူမှာ ဦးပုဖြစ်သည်။

“မြန်မာပြည် ပြုပြင်ပြောင်းလဲရေးအုပ်ချုပ်မှု ဒိုင်အာခီအတွက် ဆန္ဒမဲပေး၍ မင်းတိုင်ပင်အမတ်များ ရွေးကောက်ခြင်းဆိုင်ရာ အစရှိသောလုပ်ငန်းဆောင်တာကို စပ်လျဉ်း၍ စုံစမ်းစစ်ဆေး မေးမြန်းရန် ကော်မရှင်လူကြီးများ ခန့်ထားလိုက်ကြသည်။ ပါလီမန်မှ လွှတ်မည်ဟု ပြောဆိုခဲ့သည်။ ယခုအခါ မစ္စတာဗိုက် အမှူးရှိသော ကော်မတီလူကြီးများကို ရွေးကောက်၍ စေလွှတ်ခန့်ထားလိုက်ကြသည်။ သို့ရာတွင် ကော်မရှင်ကိုသော်လည်းကောင်း၊ ကော်မတီကိုသော်လည်းကောင်း ပါလီမန်က စေလွှတ်သည်ဖြစ်စေ၊ အခြားက စေလွှတ်သည်ဖြစ်စေ အရေးမကြီးလှပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းအဖွဲ့မျိုးတွင်ပါဝင်သော လူကြီးများသည် ကျွန်ုပ်တို့ကောင်းကျိုးချမ်းသာကို မည်သည့်နည်းနှင့်မျှ ပေးစွမ်းနိုင်သော တန်ခိုးအာဏာမရှိသောကြောင့်ဖြစ်သည်။

“ထို့ပြင် သူတစ်ပါးက သနားမှ ချမ်းသာရမည်၊ သူတစ်ပါးက ချီးမြှင့်မှ ကြီးမြင့်ရမည်ဆိုသော စကားသည် အလျှင်းအားကိုးအားထား မပြုလောက်သော စကားဖြစ်စေသည်။ သို့ဖြစ်၍ မြန်မာအမျိုးသား ကြီးမားမြင့်မြတ်ရန် အရေး၌ ဗိုက်ကော်မတီသည် အသုံးမဝင်တော့ပြီဖြစ်၍ ကျွန်ုပ်မှာ မြန်မာအသင်းတို့၏ ဂျင်နရယ်ကောင်စီကြီးက သပိတ်မှောက်ထားရန်ပြုလုပ်ကြသည်ကို ထောက်ခံခြင်းမှလွဲ၍ အခြားပြောဆိုရန် မရှိပေ။ ၎င်းဗိုက်ကော်မတီနှင့်ဝေးနိုင်သမျှဝေးစွာ ရှောင်ရှားရန် တာဝန်ကြီးမှာ မြန်မာအမျိုးသားတိုင်း၏ တာဝန်ပင် ဖြစ်ပေသည်။”

ဝေလမင်းသား လာရောက်ခြင်းနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံအတွက်၊ မြန်မာလူမျိုးများအတွက် အကျိုးဖြစ်ထွန်းရန်မရှိသဖြင့် ကြိုဆိုခြင်းမပြုသင့်ကြောင်းကိုလည်း ဒီပဲယင်းဝန်ထောက် ဦးမြဲက ပြောကြားခဲ့လေသည်–

“မြန်မာနိုင်ငံသို့ ဝေလမင်းသား အလည်အပတ်ကြွရောက်မည့် ကိစ္စနှင့်စပ်လျဉ်း၍ ကြိုသင့်၊ မကြိုသင့်စသည်ဖြင့် များစွာငြင်းခုံလျက်ရှိကြသည်။ အခမ်းအနားနှင့်ကြိုဆိုစီမံရခြင်းအတွက်လည်း ငွေကြေးများစွာ ကုန်ကျလျက်ရှိကြသည်။ ငွေအမြောက်အမြား အကျိုးမဲ့ အလဟဿ ကုန်ကျရသည့်အပြင် ထိုကဲ့သို့အလည်အပတ်လာသောမင်းသားကို ကြိုဆိုခြင်းသည် ကျွန်ုပ်တို့စိတ်တွင်း၌ လက်အောက်ခံကျေးကျွန်များဟူသော သဘောပေါက်စေရန်အကြောင်း ဖြစ်ပေသည်။ ယခုကြွလာမည့် မင်းသားသည် ဗျူရိုကရေစီအစိုးရ၏ ကိုယ်စားလှယ်ဖြစ်၍ ၎င်းမင်းသားအား ညွှတ်ခံကြိုဆိုခြင်းဖြင့် အကျိုးထူးဝိသေသ မရှိပေ။”


လွတ်လပ်ရေးနှင့်ပတ်သက်၍လည်း ရဲရဲတောက် ဟောပြောခဲ့လေသည် –

“ကျွန်ုပ်တို့ လိုလားတောင့်တကြသော လွတ်လပ်ခြင်းသည် အလွန်ပင် တရား၏။ မျှတခြင်း သဘောလည်း ရှိ၏။ ကျွန်ုပ်တို့ ယခုကြိုးစားအားထုတ်ကြသည်မှာ သူတစ်ပါးအပေါ်၌ အနိုင်အထက်ဖိနှိပ်စိုးမိုးခြင်းကို တွန်းလှန်ဖြိုဖျက်ရန် ရည်ရွယ်ချက်ရှိသည့်အတိုင်း ကျွန်ုပ်တို့ အားထုတ်ခြင်းသည် မှန်မြတ်သော အားထုတ်ခြင်းဖြစ်သည်။

“ကျွန်ုပ်တို့သည် ယခုအခါ ကျွန်ဘဝ၌ တည်ကြကုန်၏။ ယခုအခါ အနှောင်အဖွဲ့ခံနေရ၍ လွတ်လပ်ချမ်းသာခြင်းသို့ မရောက်သမျှကာလပတ်လုံး ပျော်ရွှင်နိုင်ကြမည် မဟုတ်ပေ။

“ကျွန်ုပ်တို့အားလည်း တစ်သက်ပတ်လုံး ကျွန်ဘဝလက်အောက်ခံဘဝ၌ မထားနိုင်ပေ။ တစ်နေ့နေ့၌ ကျွန်ုပ်တို့ လွတ်မြောက်ရမည်ဖြစ်သည်။ သို့ရာတွင် မည်ကဲ့သို့သောနည်းဖြင့် လွတ်လပ်ခြင်းကိုရအောင် မည်သို့ဆောင်ရွက်ကြမည်နည်း။

“ကျွန်ုပ်တို့ မြန်မာလူမျိုးသည် ရာဇဝင်တွင် ထင်ရှားကျော်ကြားခဲ့သည်ဖြစ်၍ ယခုအခါ အရေးကြီးသော အချိန်တွင် လက်လျှော့၍ နောက်ဆုတ်ရန်မသင့်၊ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ဆောင်ရွက်ရန် ဝတ္တရားရှိလေသည်။




ဘော၊ ပု၊ ရှိန် ကိုယ်စားလှယ်အဖွဲ့ (ဦးထွန်းရှိန်၊ ဦးဘဘော၊ ဦးပု)

“တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်ရာ၌ စည်းလုံးညီညွတ်၍ အမျိုးကိုချစ်ခင်လေးမြတ်ကြရန်နှင့် အကျိုးတူပေါင်းဖက်ရမည့် မဟာမိတ်နိုင်ငံများရှိရန် အရေးကြီးလေသည်။

“ရှင်းရှင်းပြောရလျှင် အကြင်လူမျိုးတစ်မျိုးက အခြားလူမျိုးတစ်မျိုးအား အနိုင်အထက် စိုးမိုးအုပ်ချုပ်ရန် မည်သည့်အခွင့်တရားမျှ မရှိပေ။

“ထို့ကြောင့် ကျွန်ုပ်တို့အမျိုးသားနှင့် တိုင်းပြည်ကြီး၏ လွတ်လပ်ရေးအတွက် “အပ္ပမာဒေန သမ္ပာ ဒေထ” ဟူသော ဒေသနာတော်နှင့်အညီ မမေ့မလျော့ဘဲ စည်းလုံးညီညွတ်စွာဆောင်ရွက်ရန် ကျွန်ုပ်က တိုက်တွန်းပါသည်။”

အထက်ပါအတိုင်း ဒီပဲယင်းဝန်ထောက်ဦးမြဲက ဥက္ကဋ္ဌမိန့်ခွန်း ပြောကြားခဲ့လေသည်။ ထိုအချိန်က ဂျီစီဘီအေအသင်းကြီးမှာ မြန်မာ့နိုင်ငံရေးသမိုင်းတွင် အစည်းလုံးအညီညွတ်ဆုံးအချိန်အခါဖြစ်သဖြင့် အောက်ပါအတိုင်းဆုံးဖြတ်ချက်များ ချမှတ်ခဲ့လေသည်–

၁။ ဟုမ္မရူး(ကိုယ်ပိုင်အုပ်ချုပ်ရေး) ပြန်ပေးရမည်။
၂။ ဗိုက်ကော်မတီကို သပိတ်မှောက်ရန်၊
၃။ ဝေလမင်းသား လာသောအခါ ကြိုဆိုခြင်းမပြုရန်၊
၄။ လူခွန်တော်နှင့် သဿမေဓအခွန်များ ကောက်ခံခြင်းကို ပယ်ဖျက်ရန်၊
၅။ သင့်လျော်သော ရက်တစ်ရက်ကို အမျိုးသားနေ့အဖြစ် ရွေးချယ်သတ်မှတ်ရန်တို့ ဖြစ်သည်။

ထို့ကြောင့် ဂျီစီဘီအေ မြန်မာအသင်းချုပ်ကြီး၏ နဝမအကြိမ်မြောက် ကွန်ဖရင့်သည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် စည်းလုံးညီညွတ်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် အရေးပါသော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့သည်ကို တွေ့ရပေသည်။

**ရည်ညွှန်းချက်**

၁။ ဒီပဲယင်းဝန်ထောက်ဦးမြဲ၏အတ္ထုပ္ပတ္တိ၊ သူ ရိ ယ မဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၂၅၊ စာ ၄၄–၄၇။
၂။ ဦးလေးမောင်၊ မြန်မာနိုင်ငံရေးသမိုင်း ပထမတွဲ၊ ရန်ကုန်စာပေဗိမာန် ၁၉၇၃။ စာ ၁၈၄–၂၁၈။
၃။ မန္တလေးကွန်ဖရင့်တွင် ပြိစိဒင့်၏ ဟောပြောချက်၊ ပညာအလင်းမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၂၁။ စာ ၈၁–၉၄။

မြန်မာလူမျိုးတို့သည် အင်္ဂလိပ်တို့က လုယူထားသော မိမိတို့ ရသင့်ရထိုက်သည့် အခွင့်အရေးတို့ကို တောင်းဆိုရန် ဗြိတိသျှ ပါလီမန်လွှတ်တော်သို့ နှစ်ကြိမ်တိုင်တိုင် ကိုယ်စားလှယ်ကြီးစေလွှတ်၍ မိမိတို့ တိုင်းပြည်ကို မိမိတို့ကိုယ်တိုင် အုပ်ချုပ်နိုင်သော အရည်အချင်းရှိကြောင်း ပြသခဲ့သော်လည်း ဗြိတိသျှဗျူရိုကရက်တို့က အကန်းသဖွယ် မမြင်ဟန် ပြုကြပြီးလျှင် မြန်မာ ပြည်သားတို့ လွတ်လပ် ချမ်းသာရန် အားကြိုးမာန် တက် ဆောင်ရွက်ရခြင်းကို တစ်မျိုးပြီးတစ်မျိုး ရှာကြံ နှောင့်ယှက် ဟန့်တားလျက်ရှိ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဆွီဒင် သံအမတ်ကြီးနှင့်အဖွဲ့၊ International IDEA ၏ Executive Director (Head Quarter, Stockholm)Ms. Fiona Rowley နှင့်အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီး မစ္စတာ စတက်ဖန် ဟားရ်စထရွမ်းနှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၅**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီး မစ္စတာ စတက်ဖန် ဟားရ်စထရွမ်းနှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မဟာဗျူဟာစီမံကိန်း ၂၀၁၉ -၂၀၂၂ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အသက် (၁၈)နှစ်ပြည့်ပြီး ပထမအကြိမ်မဲပေးမည့် လူငယ်များ ရွေးကောက်ပွဲများတွင် ပါဝင်လာစေရေးဆောင်ရွက်နေမှု၊ ပြည်တွင်းရွှေ့ပြောင်းလုပ်သားများ၊ တိုက်ပွဲရှောင်မဲဆန္ဒရှင်များ အဆင်ပြေစွာ မဲပေးနိုင်ရေး ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူလူထု အသိပညာပေးလုပ်ငန်းနှင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံပြင်ပရောက်ရှိနေသော ရွှေ့ပြောင်းလုပ်သားများ မဲပေးခွင့်ရရှိရေးနှင့် ကြိုတင်မဲပေးခြင်းဆိုင်ရာ ဆောင်ရွက်မည့်အခြေအနေ၊ ရွေးကောက်ပွဲဖြစ်စဉ်များတွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်ရေးကိစ္စရပ်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် International Institute for Democracy and Electoral Assistance (International IDEA) ၏ Executive Director (Head Quarter, Stockholm) Ms. Fiona Rowley နှင့်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေးဆိုသည့် စံ(၅)ချက်နှင့်အညီ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ International IDEA ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် STEP Democracy အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ သတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ်များ ထုတ်ပြန်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ Social Media အသုံးပြု၍ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူလူထု အသိပညာပေးလုပ်ငန်းနှင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ ပြည်တွင်းနှင့် ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ကြားသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၄၀/၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၅**
ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

**မိုး/ဇလ**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်အား အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

## သံအမတ်ကြီး ဒေါ်ကေသီစိုး ချက်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၆**
ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ကေသီစိုးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပရာ့ဂ်မြို့၌ ချက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မီလော့စ် ဇီးမန်းထံ ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။


## မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယား သံအမတ်ကြီးအဖြစ် မစ္စတာ ချျခ်ဘွန်နာအား ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် စက်တင်ဘာ ၂၆**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော့ချီ နေရာတွင် မစ္စတာ ချျခ်ဘွန်နာအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ချျခ်ဘွန်နာအား ၁၉၈၅ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့၌ မွေးဖွားခဲ့သည်။ ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဖနောင်ပင်မြို့ တော်ဝင်တက္ကသိုလ်တွင် တက်ရောက်၍ ပညာရေးဘွဲ့ကို ရရှိခဲ့သကဲ့သို့ ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဖနောင်ပင်မြို့ ဥပဒေနှင့်စီးပွားရေး တော်ဝင်တက္ကသိုလ်တွင် တက်ရောက်ခဲ့ပြီး ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ စီးပွားရေးဘွဲ့ကို ရရှိခဲ့သည်။

မစ္စတာ ချျခ်ဘွန်နာသည် ၂၀၀၇ ခုနှစ်မှစတင်၍ ကမ္ဘောဒီးယားနိုင်ငံ၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနတွင် စတင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုမှတစ်ဆင့် ရာထူးအဆင့်ဆင့်ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ်မှ လက်ရှိအချိန်ထိ ကမ္ဘောဒီးယားနိုင်ငံ၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ချျခ်ဘွန်နာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး ကလေးနှစ်ဦး ရှိသည်။




## မဟတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် ၁၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် စက်တင်ဘာ ၂၅**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မဟတ္တမဂန္ဒီ နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် ၁၀၀/- ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဇဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ အောက်တိုဘာ ၂ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၅**

(၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း၊ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်လင်းတို့နှင့်အတူ တက်ရောက်ခဲ့သည်။**(ဓာတ်ပုံ)**

အခမ်းအနားသို့ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲနှင့်ဝန်ကြီးအဆင့်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres နှင့် အထွေထွေညီလာခံသဘာပတိ Mr. Tijjani Muhammad-Bande တို့ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ညီလာခံသဘာပတိတို့က အဖွင့်မိန့်ခွန်း ပြောကြားကြပြီး အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အမေရိကန်သမ္မတ မစ္စတာ ဒေါ်နယ်ထရမ့် အပါအဝင် နိုင်ငံပေါင်း ၃၇ နိုင်ငံမှ နိုင်ငံအကြီးအကဲများက အထွေထွေမူဝါဒရေးရာမိန့်ခွန်းများ အသီးသီး ပြောကြားခဲ့ကြသည်။

အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲ အစီအစဉ်အရ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက စက်တင်ဘာ ၂၈ ရက်တွင် အထွေထွေမူဝါဒရေးရာမိန့်ခွန်း ပြောကြားသွားရန်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အမေရိကန်ပြည်ထောင်စု Under Secretary of States for Political Affairs Mr. David Hale၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌတို့နှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၅**

(၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ရန် နယူးယောက်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အမေရိကန်ပြည်ထောင်စု Under Secretary of States for Political Affairs Mr. David Hale နှင့် စက်တင်ဘာ ၂၄ ရက်က နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များနှင့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အပါအဝင် ရခိုင်ပြည်နယ်အရေးကိစ္စ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် (၇၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ ကာလအတွင်း စက်တင်ဘာ ၂၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer နှင့် တွေ့ဆုံခဲ့သည်။**(ယာပုံ)**

ယင်းသို့တွေ့ဆုံစဉ်အတွင်း မြန်မာနိုင်ငံရှိ ပဋိပက္ခဖြစ်ပေါ်နေသည့် ဒေသများတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ အရေးပေါ် အကူအညီနှင့် လူသားချင်းစာနာမှုအကူအညီများ အပါအဝင် ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူများအား အခြေခံဝန်ဆောင်မှုအကူအညီများ ပိုမိုပေးအပ်နိုင်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**





# ၂၀၁၉ ခုနှစ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့သည် စက်တင်ဘာ ၂၃ ရက်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် ၂၀၁၉ ခုနှစ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး (Climate Action Summit 2019) သို့ တက်ရောက်ခဲ့ကြသည်။**(ဓာတ်ပုံ)**

ယင်းထိပ်သီးအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဝန်ကြီးများတက်ရောက်ခဲ့ကြပြီး ကမ္ဘာလုံးဆိုင်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သို့ ပြောင်းလဲမှုဖြစ်စဉ်၊ စဉ်ဆက်မပြတ်ကြံ့ကြံ့ခံနိုင်သော အခြေခံအဆောက်အဦနှင့် မြို့ပြများ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော စိုက်ပျိုးရေးကဏ္ဍနှင့်သစ်တောနှင့် ပင်လယ်သမုဒ္ဒရာများ စီမံခန့်ခွဲမှု၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တို့၏ အကျိုးသက်ရောက်မှုများအပေါ် လိုက်လျောညီထွေရှိမှုနှင့်၊ အများပြည်သူနှင့် ပုဂ္ဂလိက ကဏ္ဍတွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးတို့အပါအဝင် နယ်ပယ်ခြောက်ခုအတွက် ထိရောက်သောဖြေရှင်းမှုများအား မြှင့်တင်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၅**

(၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ရန် နယူးယောက်မြို့၌ ရောက်ရှိနေသော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး The Hon Marise Payne အား စက်တင်ဘာ ၂၃ ရက်က နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် တွေ့ဆုံခဲ့သည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ခွေးရူးရောဂါနှင့်ပတ်သက်ပြီး သိထားသင့်သည့် ပြဿနာများ

## ဒေါက်တာခင်စန်းမော်

လွန်ခဲ့သောလက တိရစ္ဆာန်ဆေးကုဆရာဝန်များအား ဆေးဝါးအသစ်တစ်ခုနှင့် ရောဂါရှာဖွေရေးစက်ကိရိယာ အသစ်တစ်မျိုး မိတ်ဆက်ပွဲသို့တက်ရောက်ရန် ဖိတ်ကြားသောကြောင့် ဆေးခန်းကိုပိတ်ပြီး သွားခဲ့ပါသည်။ သီတင်းတစ်ပတ်ကြာပြီးသည့်နောက် ဆေးခန်းလာပြနေကျ မိတ်ဆွေတစ်ဦး ဆေးခန်းသို့ရောက်လာ၏။

"ဟိုတစ်ပတ်က လမ်းဘေးခွေးကောင်ရေ ၂၀ ကို ကားပေါ်တင်ပြီး ခွေးရူးကာကွယ်ဆေးလာထိုးတာ ဆရာမ ဆေးခန်းပိတ်ထားလို့"

"ဟုတ်တယ်။ ဆရာမတို့တစ်တွေက ဆေးပညာနဲ့ ပတ်သက်တဲ့ အသိပညာ၊ ဗဟုသုတတွေ ဟောပြောပို့ချရင် သွားတက်ရတယ်။ နောက်ကျကျန်ခဲ့တာမျိုး မဖြစ်အောင်ပေါ့ကွယ်"

"အဲဒီနေ့က လမ်းဘေးခွေးတွေကို ဂေဟာမပို့ခင် ဆရာမဆီမှာ ဆေးလာထိုးတာ။ ဆရာမမရှိတော့ သူတို့ဘာသာ ဟိုရောက်မှ ထိုးလိုက်တယ်တဲ့။ အဲဒါ ဆရာမဆီက ကာကွယ်ဆေးမှတ်တမ်းလာယူတာပါ"

"ကာကွယ်ဆေးထိုးပေးတဲ့ ဆရာဝန်က ထိုးပေးထားတဲ့ ဆေးရဲ့တံဆိပ်ရယ်၊ တဆမန်ပါတ်နဲ့ လက်မှတ်ရယ် သူပဲ ရေးပေးရမှာလေ"

"ထိုးပေးတဲ့လူတွေက ဆရာမတို့လို ဆရာဝန် မဟုတ်ဘူး။ အဲဒါကြောင့် ဆရာမဆီမှာ လာယူတာ"

"ဟာ.. ဆရာမထိုးပေးတာမဟုတ်ဘဲ ဘယ်လိုလုပ်ပြီး လက်မှတ်ထိုးပေးလို့ရမှာလဲ"

"အဲဒီနေ့က ညီမတို့ ဆရာမဆီပဲ လာတာလေ။ ဆရာမ ဆေးခန်းပိတ်ထားလို့ ကြုံသလို ထိုးလိုက်ရတာ။ ဆရာမနဲ့တွေ့ရင် ဆရာမထိုးပေးမှာပဲ ဥစ္စာ။ အခုက လက်မှတ်လေးပဲ ယူချင်တာပါ"

ဆရာဝန်နှင့် တိရစ္ဆာန်ချစ်သူတို့ အပြန်အလှန် အချီအချ စကားပြောနေရင်း သူနားလည်သဘောပေါက်အောင် ရှင်းရှင်းလင်းလင်းပြောမှဖြစ်မည်ဟု သတိထားမိလိုက်သဖြင့် အလေးအနက်ပြောပြရပါသည်။

"ဆရာမတို့က ဆရာဝန်လိုင်စင်နဲ့ ဆေးကုသခွင့်ရထားပြီး ကုပေးနေတာ။ ကာကွယ်ဆေးတွေ ထိုးပေးတဲ့အခါမှာလည်း ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကြီး (World Small Animal Veterinary Association–WSAVA) က ညွှန်ကြားတဲ့အတိုင်း စနစ်တကျ အတိအကျလိုက်နာပြီး ထိုးပေးကြတယ်။ ကိုယ်က ကာကွယ်ဆေးထိုးပေးလိုက်တဲ့ တိရစ္ဆာန်အတွက် ကာကွယ်ဆေးမှတ်တမ်းရယ်၊ ဆေးအမျိုးအစားရယ်၊ ထိုးပေးတဲ့ရက်စွဲရယ်၊ ဆရာဝန်လိုင်စင် တဆမန်ပါတ်နဲ့ လက်မှတ်ရယ်ကို အသေအချာထုတ်ပေးကြတာ။ ဆရာမ မထိုးပေးဘဲ လက်မှတ်ထိုးပေးလို့မရဘူး။ ဆရာဝန်တွေ စောင့်ထိန်းရတဲ့ ကျင့်ဝတ်ကို လိုက်နာရလို့ပါကွယ်"

ထိုအခါမှ သူနားလည်သဘောပေါက်သွားရှာပါသည်။

" ဒါဆို ညွှန်ကြားထားတဲ့ နည်းလမ်းတွေကို သေချာ မသိဘဲ ဖြစ်သလိုထိုးပေးလိုက်တဲ့ ကာကွယ်ဆေးက ဆေးမအောင်တာမျိုး ဖြစ်တတ်လို့လားဟင်"

"ဟုတ်ပါတယ်ကွယ်။ ဥပမာတစ်ခုပြောရရင် မကျန်းမမာဖြစ်နေတဲ့ ခွေးကို ကာကွယ်ဆေးမထိုးရဘူး။ ထိုးလိုက်ရင် ဒီခွေးက ကာကွယ်ဆေးအတွက် ခုခံအား (Antibody)ထုတ်နိုင်မယ်လို့ မသေချာဘူး။ အလွယ်တကူပြောရရင် ညီမပြောသလိုပဲ ဆေးမအောင်ဘူးပေါ့ကွယ်"

တိရစ္ဆာန်ဆေးကုပညာရပ်ကို ခြောက်နှစ်တာ သင်ကြားလာခဲ့ရသော ဆရာဝန်များအနေဖြင့် မည်သည့် ကာကွယ်ဆေးကို၊ မည်သည့်အသက်အရွယ်မှာ၊ မည်သည့် နည်းလမ်းဖြင့် (ဥပမာ–အသားဆေး [Intramuscular] သို့မဟုတ် အရေပြားအောက် [Subcutaneous] ထိုးခြင်း) ထိုးရမည်ဆိုသည်ကို သင်ကြားတတ်မြောက်ပြီး ဖြစ်ပါသည်။

ထို့အပြင် မည်သည့်အခြေအနေမှာ ရောက်နေသည့် တိရစ္ဆာန်ကို မထိုးရ၊ မည်သည့်အခြေအနေများကို ရှောင်ကြဉ်ရမည်ဆိုသည်ကို သိထားသည့်အပြင် ကာကွယ်ဆေးကို စနစ်တကျမည်သို့သိုလှောင်သိမ်းဆည်းရမည်၊ မည်သို့သယ်ဆောင်ယူငင်ရမည်၊ မည်သို့ ဆေးစုပ်ပြီး မည်သည့်နေရာကို ထိုးရမည်ဆိုသည်ကို တတ်ကျွမ်းပြီးသား ဖြစ်ကြပါသည်။

ကာကွယ်ဆေးများကို နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့စေပါက ဆေးအာနိသင် ပျက်ပြယ်တတ်ပါသည်။ ဆရာဝန်မဟုတ်သူများက မျက်စိကွယ်ရာမှာ ထိုးချင်သလိုထိုးထားသော ကာကွယ်ဆေးများအတွက် တဆမ လိုင်စင်နှင့် တရားဝင်အလုပ်လုပ်နေသော တိရစ္ဆာန်ဆေးကုဆရာဝန်က ကာကွယ်ဆေးမှတ်တမ်း ထုတ်မပေးနိုင်ပါ။

ကျင့်ဝတ်ကို စောင့်ထိန်းရသည်မှာ ဆရာဝန်တို့၏ အဓိကတာဝန်တစ်ရပ်သာ ဖြစ်သည်။ အဘယ်ကြောင့် ဤသို့ ဆိုရပါသလဲ။ ညွှန်ကြားချက်များအတိုင်း လိုက်နာပြီး စနစ်တကျထိုးပေးသည့်တိုင်အောင် တိရစ္ဆာန်တိုင်းက ခွေးရူးရောဂါအတွက် ကိုယ်ခံအားကို ပြည့်မီအောင် ထုတ်လုပ်ပေးနိုင်သည်ဟု တထစ်ချယုံကြည်၍မရပါ။

အိမ်မွေးခွေး၊ အိမ်မွေးကြောင်များကို မွေးမြူထားသော နိုင်ငံခြားသားအချို့သည် သူတို့ဇာတိဖြစ်သော ဗြိတိန်နိုင်ငံသို့အပြန်တွင် သူတို့၏ အိမ်မွေးတိရစ္ဆာန်များကို သယ်ဆောင်သွားနိုင်ရန် တိရစ္ဆာန်တို့၏ သွေးထဲတွင် ခွေးရူးရောဂါအတွက် ကိုယ်ခံအား(Rabies Immunity) ရှိ၊ မရှိ စစ်ဆေးဖို့ သွေးလာဖောက်ကြပါသည်။ မြန်မာနိုင်ငံတွင် ရှိနေစဉ်နှစ်များအတွင်း လိုအပ်သော ကာကွယ်ဆေးအားလုံးကို နှစ်စဉ်မှန်မှန် ထိုးပေးခဲ့သော်လည်း ဗြိတိန်နိုင်ငံသည် နိုင်ငံ၏ပြင်ပမှ ယူဆောင်လာမည့် တိရစ္ဆာန်များနှင့်ပတ်သက်လျှင် အလွန်စည်းကမ်းတင်းကျပ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံတွင် ကျင့်သုံးသော Pet Travel Scheme (PETS) အရ တိရစ္ဆာန်ကို မှတ်ပုံတင်လျှောက်ထားရပြီး မှတ်ပုံတင်နံပါတ်ကို Microchip ဖြင့် တိရစ္ဆာန်၏ ခန္ဓာကိုယ်အတွင်း ထည့်သွင်းပေးထားသည်။ တိရစ္ဆာန်တို့၏ သွေးကို ဗြိတိန်နိုင်ငံသို့ပို့ပြီး စစ်ဆေးကြည့်သောအခါ Rabies Immunity ပြည့်မီခြင်းမရှိသဖြင့် မြန်မာနိုင်ငံအတွင်း သောင်တင်ကျန်ရစ်သော ခွေး၊ ကြောင်အချို့ ရှိခဲ့ပါသည်။ ထိုအချက်က အလွန်သတိပြုစရာကောင်းသော ကိစ္စပင်ဖြစ်သည်။ လွန်ခဲ့သောလပိုင်းက မျက်လုံးကြောင်စီစီ၊ သွားရည်တများများကျပြီး အစာမစားနိုင်၊ ရေမသောက်နိုင်သော လမ်းဘေးခွေးတစ်ကောင်ကို ဆေးခန်းသို့ သယ်လာပါသည်။ မိတ်လိုက်သောရာသီဖြစ်၍ လမ်းဘေးခွေးအချင်းချင်း ကိုက်ခဲကြပြီးနောက် အစာမစားနိုင်၊ ရေလည်း မသောက်နိုင်တော့ဟု သိရသည်။ ခွေးရူးကာကွယ်ဆေး တစ်ကြိမ် ထိုးဖူးသော်လည်း နောက်နှစ်များမှာ မထိုးဖြစ်တော့ပါဟု ဆိုပါသည်။

ခွေးကို ကားပေါ်မှ မချစေဘဲ စစ်ဆေးကြည့်သောအခါ မျက်စိသူငယ်အိမ် ပြူးကျယ်လျက် လှုပ်ရှားမှုမရှိပေ။ ခွေးရူးရောဂါ ဖြစ်ပွားနေသည်ဟု သံသယရှိကြောင်းပြောပြီး Rapid test kit နှင့် စမ်းမည်အပြု ပိုင်ရှင်များက အကြောက်အကန် ငြင်းဆန်ပါသည်။ Test kit အတွက် ကုန်ကျစရိတ်ကို မပေးပါနှင့်၊ စမ်းရုံသာစမ်းမည်ဟု ပြောသော်လည်း ခွင့်မပြုပေ။ မျက်ရည်လည်ရွဲနှင့် ပြန်သွားကြသည်။ လုပ်သင့်လုပ်ထိုက်သည်များ၊ မဖြစ်မနေလုပ်ဆောင်ရမည့် ပြုဖွယ်ကိစ္စများကို မှာကြားလိုက်သည့်တိုင်အောင် လုံးဝစိတ်မအေးနိုင်ပါ။ ခွေးရူးရောဂါဟု သံသယရှိသည့်ခွေး၊ ကြောင်တို့ကို သီးသန့်ပိတ်လှောင်ထားနိုင်သော (Quaran–tine) နေရာရှိလျှင် ကောင်းမည်ဟု တစ်ဆက်တည်း တွေးနေမိသည်။

အဘယ်ကြောင့်ဆိုသော် တချို့က ဆရာဝန်၏ မျက်ကွယ်သို့ရောက်သည်နှင့် ရိုက်သတ်လိုက်ကြသည်။ တချို့က မော်ဘီ၊ လှည်းကူး စသောနေရာများသို့ တင်ဆောင်သွားပြီး စွန့်ပစ်ခဲ့ကြသည်။ ကျန်းမာရေးဗဟုသုတရှိသူ တချို့ကသာ လှောင်အိမ်ထဲပိတ်လှောင်ပြီး တိရစ္ဆာန်သေဆုံးသွားလျှင် ရောဂါရှာဖွေရေးဌာနသို့ပို့ပြီး စစ်ဆေးကြသည် ဟု တစ်ဆင့်စကား ပြန်ကြားရသောကြောင့်ဖြစ်ပါသည်။

သည်ကြားထဲ Facebook Messenger မှာ မည်သူက စတင်ပြီး မည်ကဲ့သို့ တီထွင်ဖန်တီးလိုက်သည်မသိ။ ခွေးရူးအကိုက်ခံရသောခွေးကို ယခု ကျွန်မတို့ထိုးပေးနေသော ခွေးရူးကာကွယ်ဆေးခြောက်လုံးထိုးပေးခြင်းဖြင့် ကာကွယ်နိုင်သည်ဆိုပြီး Vaccine program နှင့်တကွ ဖြန့်ထားသဖြင့် ကျွန်မကို အဆောတလျင် မေးမြန်းလာကြပါသည်။

ထိုကာကွယ်ဆေး အစီအစဉ်ကို ကြည့်လိုက်သောအခါ အကိုက်ခံရပြီးနောက် လူကိုထိုးသည့်ကာကွယ်ဆေး အစီအစဉ်အတိုင်း ရေးထားသည့် အတုအယောင် သတင်းများဖြစ်ကြောင်း သိလိုက်ရ၏။

အမှန်မှာ ခွေး၊ ကြောင် သို့မဟုတ် တိရစ္ဆာန်များကို ထိုးပေးသည့် ခွေးရူးကာကွယ်ဆေးသည် Pre exposure ခေါ် အကိုက်မခံရခင် ကြိုတင်ထိုးရသော ကာကွယ်ဆေးသာဖြစ်သည်။ အကိုက်ခံရပြီးနောက်မှ ထိုးရသည့် ကာကွယ်ဆေး မဟုတ်ပေ။

ဤအချက်ကို ရှင်းရှင်းလင်းလင်း နားလည်သိရှိထားရန် အရေးကြီးပါသည်။ လူကိုထိုးသည့် ခွေးရူးကာကွယ်ဆေးသည် အကိုက်မခံရခင် ကြိုတင်ထိုးသည့် ဆေးနှင့် အကိုက်ခံရပြီးနောက် ထိုးရသည့်ကာကွယ်ဆေး (Post exposure) က တူညီပါသည်။ ထိုးရသည့်အစီအစဉ်သာ ကွာခြားသွားခြင်း ဖြစ်သည်။

ခွေးရူးကာကွယ်ဆေးကို မပျက်မကွက် ထိုးထားသော ခွေး၊ ကြောင်တို့သည် သူ့ကိုယ်သူသာမက သူက ကိုက်မိလိုက်သော လူတို့ကိုပါ ကာကွယ်ပေးနိုင်သည်။ သို့ရာတွင် သတိထားသင့်သောပြဿနာတချို့ ရှိနေပါသေးသည်။

ခွေးတစ်ကောင်က လူတစ်ယောက်ကို ကိုက်သည်ဆိုပါစို့။

(၁) ခွေးက ခွေးရူးကာကွယ်ဆေး မှန်မှန်ထိုးထားလျှင် အကိုက်ခံရသောလူ၏ ဒဏ်ရာအတိမ်အနက်ပေါ်မူတည်ပြီး (Post exposure vaccines)လို၊ မလို ဆရာဝန်က ဆုံးဖြတ်ပြီးထိုးပေးပါလိမ့်မည်။ (ကာကွယ်ဆေးထိုးထားသည်ဟု ဆိုသော်လည်း ထိုခွေးကို အနည်းဆုံး ၁၀ ရက် စောင့်ကြည့်ရန်လိုသည်) ကာကွယ်ဆေးထိုးထားလျှင် စိတ်ချရသည်ဆိုသော်လည်း ၁၀၀ ရာခိုင်နှုန်း မယုံကြည်ရပါ။ ထိုးပေးသူက စနစ်တကျမထိုးပေးလျှင် ကာကွယ်ဆေး မအောင်တာမျိုး ဖြစ်နိုင်သည်။ (တချို့က ကာကွယ်ဆေး မှတ်တမ်းအတု ထုတ်ပြတာမျိုးဖြစ်နိုင်သည်) Latent Rabies ခေါ် ခွေးရူးရောဂါအမြုပ်ပုံစံတွင် ခွေးက ခွေးရူးရောဂါပိုး သယ်ဆောင်ထားသည့် Carrier ဖြစ်သော်လည်း လက္ခဏာတစ်စုံတစ်ရာ မပြဘဲ အသက်ရှင်နေနိုင်သည်။ အကိုက်ခံရသူကိုသာ ရောဂါကူးစက်စေသည့်အတွက် ခွေးကို စောင့်ကြည့်ရန် လိုပါသည်။

(၂) လေလွင့်ခွေးက ကိုက်သည်ဆိုလျှင် အကိုက်ခံရသူ ချက်ချင်းကာကွယ်ဆေးထိုးပါ။ ခွေးကို ဖမ်းဆီးထားနိုင်လျှင် လှောင်ပိတ်ပြီး စောင့်ကြည့်ပါ။ လူအများက ဝိုင်းရိုက်၍ သေသွားလျှင် ရော်ဘာလက်အိတ်အထူ၊ အကာအကွယ် ပစ္စည်းများသုံးလျက် ရောဂါရှာဖွေရေးသုတေသနဌာနသို့ ပို့ပြီး ခွေးရူးရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပါ။

(၃) ခွေးကိုက်ခံရလျှင် ကာကွယ်ဆေးမှတ်တမ်းကို တောင်းယူပြီး စစ်ဆေးကြည့်ပါ။ ကာကွယ်ဆေးထိုးထားသည့် ရက်စွဲသည် ရက်ပိုင်းသာရှိသေးပါက (သို့) သီတင်းပတ် နှစ်ပတ်မပြည့်သေးပါက စိတ်ချလက်ချ မနေပါနှင့်။ (ကာကွယ်ဆေးထိုးပြီး နှစ်ပတ်၊ သုံးပတ်ကြာမှ ကိုယ်ခံအား ထွက်သည်ဟုဆိုသောကြောင့် ဖြစ်သည်) နှစ်စဉ် မပျက်မကွက်ထိုးထားလျှင်တော့ အတိုင်းအတာတစ်ခုအထိ စိတ်သက်သာဖွယ် ဖြစ်ပါသည်။

(၄) မိမိ၏အိမ်မွေးခွေးကို ခွေးရူးဟု သံသယရှိသော ခွေးက ကိုက်လျှင်၊ မိမိခွေး၏ ခွေးရူးကာကွယ်ဆေး မှတ်တမ်းကိုယူဆောင်ပြီး တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် တိုင်ပင်ပါ။ ကိုက်သွားသောခွေးသည် လေလွင့်ခွေးဖြစ်ပါက အများအားဖြင့် ဖမ်း၍မရနိုင်၊ စောင့်ကြည့်၍လည်း မရနိုင်ပါ။ ထို့ကြောင့် အခြေအနေကို ကောင်းစွာ မသိရပေ။ အကိုက်ခံရသော ခွေးကို ခွေးရူးကာကွယ်ဆေးထိုးချိန်သည် နှစ်ပတ်မပြည့်သေးပါက မိမိခွေးကို လှောင်အိမ်ထဲထည့်ပြီး အစာရေစာကျွေးကာ စောင့်ကြည့်ပါ။ ခွေးရူးရောဂါဖြစ်လာလျှင် ရောဂါလက္ခဏာများ ပြလာပေလိမ့်မည်။ စောင့်ကြည့်နေချိန်အတောအတွင်း အကာအကွယ်မဲ့သောလက်များနှင့် မကိုင်ပါနှင့်။ အကိုက်မခံရအောင် သတိပြုပါ။

(၅) ခွေးရူးကာကွယ်ဆေး မှန်မှန်ထိုးထားသော မိမိ၏ ခွေးကို ခွေးရူးဟု သံသယဖြစ်ဖွယ်ရှိသောတိရစ္ဆာန်တစ်ကောင်ကကိုက်လျှင်၊ မိမိခွေး၏ကာကွယ်ဆေး သက်တမ်းသည် ခြောက်လကျော်နေလျှင် တစ်ပတ်အတွင်း ခွေးရူးကာကွယ်ဆေးတစ်လုံးကို (Booster) အဖြစ် ထပ်မံထိုးပြီး ကိုယ်ခံအားကို မြှင့်တင်နိုင်ပါသည်။ သို့သော် သတိထားပြီး စောင့်ကြည့်ရမည့်တာဝန်ကို မမေ့လျော့ပါနှင့်။

ခွေးရူးရောဂါဗိုင်းရပ်စ်၏ ရောဂါပျိုးချိန်သည် နှစ်ရက်၊ သုံးရက်မှ လေး၊ ငါး၊ ခြောက်လအထိ သို့မဟုတ် ထိုထက်မက ကြာမြင့်တတ်သောကြောင့် ဖြစ်ပေသည်။

ဤသို့ အရေးတကြီးပြောနေရခြင်းမှာ ခွေးရူးရောဂါဖြစ်ပွားလျှင် ကုရာနတ္ထိဆေးမရှိဘဲ လူနှင့် သွေးနွေးသတ္တဝါများကို အသက်ဆုံးရှုံးစေတတ်သောကြောင့်ပင် ဖြစ်သည်။ အတွေ့အကြုံတစ်ခုမှာ ရုံးဌာနတစ်ခုအတွင်း နေထိုင်ကျက်စားနေသော လူယဉ်သည့် ခွေးတစ်ကောင်ကို လေလွင့်ခွေး သုံး၊ လေးကောင်က ဝိုင်းကိုက်သည့်ဒဏ်ရာနှင့် ဆေးခန်းသို့ ရောက်လာပါသည်။ အကိုက်ခံရသည့် ခွေးကို ခွေးရူးကာကွယ်ဆေး မထိုးဖြစ်တာကြာပြီဟု ပြောသည်။ ကိုက်သွားသော ခွေးများကား လေလွင့်ခွေးများဖြစ်သောကြောင့် အခြေအနေကို စောင့်ကြည့်၍ မရကြောင်း၊ အကိုက်ခံရသည့်ခွေးကို ပဋိဇီဝဆေး (Antibiotics )များ တိုက်ကျွေးထားကြောင်း၊ သို့သော် မျက်နှာနှင့် ဦးခေါင်းရှိ ဒဏ်ရာများက ရောင်တင်းဖောင်းကားနေကြောင်း ပြောပါသည်။

သူတို့က ဒဏ်ရာပတ်လည်ကို လူမှာထိုးသည့် ခွေးရူးရောဂါ Immunoglobulin ဆေးထိုးချင်သည်ဟု ဆိုပါသည်။ အကိုက်ခံရသည့်အချိန်က ၇၂ နာရီ ကျော်လွန်သွားပြီဖြစ်ပြီး ဒဏ်ရာက ပြည်တည်နာဖြစ်နေ၍ မထိုးပါနှင့်ဟု တားလိုက်ပါသည်။ ပြည်တည်နာက ပြည်များပေါက်ပြီး ခွေးက အစာစားနိုင်လာသောအခါ လူမှာထိုးသည့် အကိုက်ခံရပြီးနောက် ထိုးရသည့် ခွေးရူးကာကွယ်ဆေးကို ထိုးချင်သည်ဟု ဆိုလာသည်။ "လူမှာထိုးသည့် Post exposure vaccines သည် ခွေးကို ကာကွယ်မှုပေးနိုင်ခြင်း ရှိ၊ မရှိ ကျွန်မ မသိပါ။ Update research paper များမှာ ဖော်ပြထားခြင်းလည်း မရှိပါ" ဟု ပြန်ပြောခဲ့သော်လည်း သူတို့က လက်မလျှော့ပါ။ သူတို့ဘာသာထိုးမည်ဟု ဆိုပါသည်။ "အဲဒီဆေးတွေ ထိုးပြီးရင် ဒီခွေးကို ဘယ်လိုလုပ်မှာလဲ၊ စောင့်ကြည့်မှာလား" ဟု မေးမြန်းတော့ "လွှတ်ပေးလိုက်မှာပါ" ဟု ဖြေကြပါသည်။ ဤခွေးက ယဉ်ပါးပြီး ဌာနဝင်းအတွင်းမှာသာ နေထိုင်သောကြောင့် စောင့်ကြည့်၍ ရပါသည်ဟုဆိုသဖြင့် တော်ပါသေးသည်။

ခွေးရူးရောဂါနှင့်ပတ်သက်လာလျှင် ပေါ့ပေါ့ဆဆ သဘောမထားပါနှင့်။ သတင်းအချက်အလက် အတုအယောင်များကို မယုံစားပါနှင့်။ အမှန်တကယ်နားလည်တတ်ကျွမ်းသော ဆရာဝန်များ၊ တိရစ္ဆာန်ဆေးကု ဆရာဝန်များနှင့် တိုင်ပင်ဆွေးနွေးပြီး အကြံဉာဏ်များ ရယူပါဟု အကြံပြုလိုပါသည်။

World Rabies Day နီးလာသော အခါသမယတွင် လူအပါအဝင် သွေးနွေးသတ္တဝါအားလုံးတို့ ခွေးရူးရောဂါဘေးမှ ကင်းစင်ဝေးကြပါစေဟု ဆန္ဒမွန်ပြုအပ်ပါသည်။ ။

**ခွေးရူးရောဂါဗိုင်းရပ်စ်၏ ရောဂါပျိုးချိန်သည် နှစ်ရက်၊ သုံးရက်မှ လေး၊ ငါး၊ ခြောက်လအထိ သို့မဟုတ် ထိုထက်မက ကြာမြင့်တတ်သောကြောင့် ဖြစ်ပေသည်။ ဤသို့ အရေးတကြီး ပြောနေရခြင်းမှာ ခွေးရူးရောဂါဖြစ်ပွားလျှင် ကုရာနတ္ထိဆေးမရှိဘဲ လူနှင့် သွေးနွေးသတ္တဝါများကို အသက်ဆုံးရှုံးစေတတ်သောကြောင့်ပင် ဖြစ်**

# သဘာဝဘေးတုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

သဘာဝဘေးတုံ့ပြန်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအကြား ပိုမိုချိတ်ဆက်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးတုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်**

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံအားလုံး ခံစားနေကြရပါကြောင်း၊ သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးအပါအဝင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအကြား ကဏ္ဍအလိုက် ဆောင်ရွက်ချက်များတွင် အချိတ်အဆက်မိမိနှင့် ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်နှင့် ကြိုတင်ပြင်ဆင်မှုများ စနစ်တကျဆောင်ရွက်ထားရန် အရေးကြီးကြောင်း၊ နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ရေး စီမံချက်များအတိုင်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရာသီဥတုဖြစ်စဉ်များပေါ်မူတည်၍ ဘေးဖြစ်ပွားမှုပုံစံများ ပြောင်းလဲလာမှု၊ နည်းပညာများ တိုးတက်လာမှု စသည်တို့နှင့် လိုက်လျောညီထွေဖြစ်ရန် ယခင်စီမံချက်များအား ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်ကြောင်း။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဖြစ်ပွားပြီးနောက်ပိုင်း ၂၀၀၉ ခုနှစ်တွင် မြို့ပြမီးလောင်မှု၊ တောမီးလောင်မှု၊ ရေလွှမ်းမိုးမှု၊ မုန်တိုင်း၊ ငလျင်၊ ဆူနာမီ၊ မိုးခေါင်ရေရှား၊ မြေပြိုခြင်း၊ ဆီးနှင်းကျရောက်ခြင်းဟူသည့် ဘေးအန္တရာယ် ကိုးမျိုးနှင့်စပ်လျဉ်းသည့် စီမံချက်ကို ရေးဆွဲခဲ့ကြကြောင်း၊ အဆိုပါ စီမံချက်များကို ခေတ်ကာလနှင့်လျော်ညီစွာ သက်ဆိုင်ရာကဏ္ဍနှင့် ဌာနများအလိုက် ပြင်ဆင်ဖြည့်စွက်ရေးဆွဲရန် လိုအပ်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့် ၂၀၁၅ ခုနှစ်တွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနည်းဥပဒေတို့ကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ရေးဆွဲထားသည့် စီမံချက်များအနေဖြင့် နိုင်ငံတော်အဆင့်မှ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ ရပ်ကွက်/ကျေးရွာ အဆင့်ဆင့်အထိ လက်တွေ့ကျသည့် စီမံချက်များဖြစ်ရန် လိုအပ်ကြောင်း၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့် ရပ်ရွာလူထုဖြစ်စေရေး အားလုံးပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက သဘာဝဘေးတုံ့ပြန်ရေးနှင့်စပ်လျဉ်း၍ လက်တွေ့ရေးဆွဲဆောင်ရွက်နေသည့် Short Term နှင့် Long Term စီမံချက်များကို လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိ/မရှိ၊ Standard Operating Procedure များ ကျယ်ကျယ်ပြန့်ပြန့်ရှိရန်နှင့် Review လုပ်ရန် လို/မလို စသည်တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ညှိနှိုင်းအစည်းအဝေး ပြုလုပ်ဆောင်ရွက်ကြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်မှာကြားထားပါကြောင်း၊ ယခုနှစ်အတွင်း ရေကြီး/ရေလျှံမှုနှင့် မြေပြိုမှုများ ဆိုးရွားစွာ ခံစားခဲ့ရသည့် မွန်နှင့် ကရင်ပြည်နယ်တို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အရေးပေါ်တုံ့ပြန်ရေးဆောင်ရွက်ခဲ့မှုများကို ပြန်လည်သုံးသပ်ပါက တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီနှင့် ပြည်သူလူထုစသည့် လူ့စွမ်းအားအရင်းအမြစ်များ ပူးပေါင်းဆောင်ရွက်ခဲ့ရာတွင် စနစ်ကျမှုနှင့် ထိရောက်သည့် ချိတ်ဆက်မှုများ၌ လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရပါကြောင်း။

ဌာနအဖွဲ့အစည်းများတွင် မတူညီသည့် လုပ်ငန်းသဘာဝပေါ် အခြေခံကာ ရေးဆွဲထားသော ဘေးအန္တရာယ်ဆိုင်ရာ စီမံချက်များရှိပြီးဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အဆိုပါစီမံချက်များကို အခြေအနေ၊ အချိန်အခါနှင့်အညီ ပြန်လည်ပြင်ဆင်ဖြည့်စွက်ရေးဆွဲကြရန်၊ လုပ်ငန်းတာဝန်လွှဲပြောင်းရာတွင် စနစ်တကျထည့်သွင်းလွှဲပြောင်းဆောင်ရွက်ကြရန်တို့ကို တိုင်းဒေသကြီး/ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ညွှန်ကြားချက်များ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေတို့တွင်ပါရှိသည့် သဘာဝဘေးကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဖော်ပြချက်များ၊ ဝန်ကြီးဌာန၏ အရေးပေါ်တုံ့ပြန်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရာတွင် ပါဝင်သင့်သည့် အကြောင်းအရာများနှင့် သဘာဝဘေးရန်ပုံငွေ ခွဲဝေချထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများက ဌာနအလိုက်ဆောင်ရွက်နေသည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒဆိုင်ရာ ရှင်းလင်းခြင်းအခမ်းအနား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၅**

နေပြည်တော် လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသော ပြည်ထောင်စုနယ်မြေအတွင်းရှိ လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကျယ်ပြန့်အားကောင်းစွာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံလူငယ်ရေးရာ မူဝါဒရှင်းလင်းခြင်းကို ပျဉ်းမနားမြို့ သုခစိုးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။



**လူငယ်များ၏ကဏ္ဍကို အလေးထား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကမ္ဘာ့နိုင်ငံများတွင် လူငယ်များနှင့်ပတ်သက်၍ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် လူငယ်မူဝါဒများ အသီးသီးရှိကြကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူးအပြောင်းတွင် လူငယ်များ၏ကဏ္ဍကို အလေးထားပါကြောင်း၊ ထို့အတွက် မိမိတို့နိုင်ငံ၌ လူငယ်ရေးရာ မူဝါဒတစ်ရပ်ပေါ်ပေါက်ရေး အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်တွင် ထည့်သွင်းဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒကို နိုင်ငံတစ်ဝန်းရှိ လူငယ်များ၏ အသံကိုကိုယ်စားပြုသော ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ ကိုယ်စားပြုလူငယ် ကိုယ်စားလှယ်များက ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ လူငယ်ရေးရာကော်မတီဝင်များက ဒေသအလိုက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုရွေးချယ်ပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့်ကိုက်ညီသည့် စီမံချက်များရေးဆွဲဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

လူငယ်များက လုပ်ငန်းစီမံချက်များကို စနစ်တကျရေးဆွဲနိုင်ပါက အာဆီယံဒေသတွင်း မိတ်ဆွေနိုင်ငံများ၊ နိုင်ငံတကာမိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း အခွင့်အလမ်းများရှိကြောင်း၊ လူငယ်ထုသည် မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံကျော်ရှိသည်ကို သိရှိရပါကြောင်း၊ ယင်းလူငယ်များသည် အနာဂတ်နိုင်ငံ၏ အင်အားဖြစ်ပါကြောင်း၊ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြရမည်ဖြစ်ရာ အရည်အသွေးပြည့်ဝသူများဖြစ်ရန် ကိုယ်တိုင်လေ့ကျင့်ရမည်ဖြစ်ကြောင်း၊ ယေဘုယျအားဖြင့် အသက် (၁၅)နှစ်မှ (၃၅)နှစ်အထိ လူငယ်ဟုသတ်မှတ်ထားသည့် အချိန်အကန့်အသတ်အတွင်း အကောင်းဆုံးအခြေအနေများဖြစ်အောင် အချိန်ကိုအကျိုးရှိစွာ အသုံးချကြရန် တိုက်တွန်းပါကြောင်း၊ သို့မှသာ နောင်လာမည့်မျိုးဆက်သစ်လူငယ်များအတွက် ကောင်းသောအမွေများ ချန်ထားနိုင်မည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် တန်ဖိုးရှိသော အချိန်များကို မလိုလားအပ်သော ကိစ္စများကြောင့် နစ်နာဆုံးရှုံးမှု မရှိကြစေရန် ဥပဒေဘောင်အတွင်း စည်းလုံးစွာ နေထိုင်ကြရန်လည်း တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက ပြည်ထောင်စုနယ်မြေအတွင်း မြို့နယ်လေးမြို့နယ်၌ မြို့နယ်အဆင့် လူငယ်ရေးရာကော်မတီများ ထပ်ဆင့်ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ လူငယ်များ၏ ရပ်တည်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် လူငယ်ရေးရာမူဝါဒကိုပြဋ္ဌာန်းပြီး လမ်းဖွင့်ပေးထားခြင်းဖြစ်ရာ အကောင်အထည်ဖော်ရာ၌ အားလုံးတက်ကြွစွာ ပါဝင်နိုင်ရေးကိစ္စများကို အကြံပြုဆွေးနွေးသည်။

ဆက်လက်ပြီး ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ အစိုးရဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူငယ်ရေးရာ ကော်မတီဝင်များ၊ တက်ရောက်လာကြသော လူငယ်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများက စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

## နာဂအမျိုးသားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၈၆ / ၂၀၁၉ )**
၁၃၈၁ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
( ၂၀၁၉ ခုနှစ် ၊ စက်တင်ဘာလ ၂၅ ရက် )

**နာဂအမျိုးသားပါတီ** [Naga National Party (NNP)]**ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **နာဂအမျိုးသားပါတီ [Naga National Party (NNP)]**ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**နာဂအမျိုးသားပါတီ[Naga National Party (NNP)]**၏ မှတ်ပုံတင်အမှတ်သည် (၁၂၀)ဖြစ်ပါသည်။

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်သူ့အင်အားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၈၇ / ၂၀၁၉ )**
၁၃၈၁ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
( ၂၀၁၉ ခုနှစ် ၊ စက်တင်ဘာလ ၂၅ ရက် )

**ပြည်သူ့အင်အားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့၊ အမှတ်(၆)ရပ်ကွက်၊ စစ်တောင်းလမ်း၊ အမှတ်(၁၄၃/က)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့အင်အားပါတီ**ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်သူ့အင်အားပါတီ**၏ မှတ်ပုံတင်အမှတ်သည် (၁၂၁) ဖြစ်ပါသည်။

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်၊ ဈေးတန်းရပ်၊ ဗထူးလမ်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး အနီးတွင် ပါတီရုံးချုပ်တည်ရှိသော **ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party)** သည် ယင်းပါတီ၏ တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီ၏တံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြောက်ရွာရပ်၊ ရဲရိပ်သာလမ်း၊ အမှတ်(၅၇၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ထားဝယ်တိုင်းရင်းသားများပါတီ**သည် ယင်းပါတီ၏အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီ၏အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ထားဝယ်တိုင်းရင်းသားများပါတီ၏ အလံပုံစံ**




**ထားဝယ်တိုင်းရင်းသားများပါတီ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲ ၅၈၄၅ တွဲကို ယူရိုငွေ ၅၀၆ ဒသမ ၅၃၅ သန်းဖြင့် ရောင်းချခဲ့

**နေပြည်တော် စက်တင်ဘာ ၂၅**

၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၅၈၄၅ တွဲကို ယူရိုငွေ ၅၀၆၅၃၅၄၁၇ ဖြင့် ရောင်းချခဲ့ရပြီး ကျောက်မျက်အတွဲ ၄၀ ကို ယူရိုငွေ ၃၇၈၈၈၉ ဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။

**ကျောက်စိမ်းအတွဲပေါင်း ၅၈၄၅ တွဲ ရောင်းချခဲ့ရ**

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးမင်းသူက "အခုကျင်းပတဲ့ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲမှာ ကျောက်မျက်အတွဲပေါင်း ၄၈၁ တွဲ တင်ပြခဲ့ပြီး အတွဲ ၄၀ ရောင်းချခဲ့ရပါတယ်။ ကျောက်စိမ်းအတွဲပေါင်းက ၇၈၁၁ တွဲ တင်ပြခဲ့ပြီး အတွဲပေါင်း ၅၈၄၅ တွဲ ရောင်းချခဲ့ရပါတယ်။ ကျောက်မျက်အတွဲ ၄၀ ကို ယူရိုငွေ သုည ဒသမ ၃၇၈ သန်းနဲ့ ရောင်းချခဲ့ရပြီး ကျောက်စိမ်းအတွဲ ၅၈၄၅ တွဲကို ယူရိုငွေ ၅၀၆ ဒသမ ၅၃၅ သန်းနဲ့ ရောင်းချခဲ့ရပါတယ်။ အမြင့်ဆုံးဈေးရရှိခဲ့တဲ့ ကျောက်စိမ်းအတွဲရဲ့ တန်ဖိုးက ယူရိုငွေ ၁၆ ဒသမ ၃ သန်းဖြစ်ပြီး အနိမ့်ဆုံးရောင်းရတဲ့အတွဲက ယူရိုငွေ ၅၀၀၀ ဝန်းကျင်ဖြစ်ပါတယ်။ ကျောက်စိမ်းကိုတော့ တရုတ်နိုင်ငံ ပြည်မကြီးဘက်က ကုန်သည်တွေဝယ်ယူတာများခဲ့ပြီး ကျောက်မျက်ကိုတော့ ထိုင်းနိုင်ငံက ကုန်သည်အများစုက ဝယ်ယူခဲ့ကြပါတယ်"ဟု ပြောသည်။

၂၀၁၈ ခုနှစ် ၅၅ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၆၇၉၅ တွဲ တင်ပြခဲ့ရာ ၅၂၅၉ တွဲရောင်းချခဲ့ရပြီး ၄၂၆၀ တွဲကိုသာ ငွေပေးချေမှုရှိခဲ့ကြောင်းနှင့် ၂၀၁၉ ခုနှစ် ၅၆ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၆၉၇၃ တွဲ တင်ပြခဲ့ရာ ၅၂၆၃ တွဲ ရောင်းချခဲ့ရပြီး ၄၃၃၉ တွဲသာ ငွေပေးချေမှုရှိခဲ့ကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာက "ရတနာကုန်သည်တွေကို အာမခံစပေါ်ငွေ ၁၀ ရာခိုင်နှုန်း ကြိုတင်ပေးသွင်းခိုင်းပါတယ်။ တစ်သိန်းတန်ကျောက်တွဲကို ဝယ်ယူလိုရင် တစ်သောင်းသွင်းထားမှ အဲဒီတစ်သိန်းတန်ကျောက်တွဲကို ရောင်းပေးတာဖြစ်ပါတယ်။ ဝယ်ယူထားတဲ့ကျောက်တွဲကို ငွေမချေရင် စပေါ်တင်ထားတဲ့ငွေ ၁၀ ရာခိုင်နှုန်းကို သိမ်းပါတယ်။ အဲဒီစနစ်နဲ့ အခုသွားနေပါတယ်။ ရတနာကုန်သည်တွေကို ပွဲပယ်ပြစ်ဒဏ်နဲ့ Black list စာရင်းသွင်းတာတွေ မရှိတော့ပါဘူး"ဟု ပြောသည်။

**ကုန်သည် ၅၀၀ ကျော် တက်ရောက်**

ယခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမနှင့် မဏိရတနာကျောက်စိမ်းဝင်းအတွင်း ၁၀ ရက်တာ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ရတနာကုမ္ပဏီ ၃၃၂၅ ခုမှ ကုန်သည် ၅၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်သူထက် (သတင်းစဉ်)**




**○ ကာဂျစ္စတန်နှင့် ကစားမည်မှ**

ထိုင်းကလပ် အသင်းများတွင် သွားရောက် ကစားနေသူများမှာလည်း အောက်တိုဘာလဆန်းမှ ရောက်ရှိမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ရာဒူလိုဗစ်သည် စက်တင်ဘာလဆန်းက မွန်ဂိုလီးယား၊ ဂျပန်အသင်းတို့နှင့် ကစားခဲ့သည့် လူစာရင်းမှ ကျော်ဇင်ထက်(ဂိုး)၊ သိန်းသန်းဝင်းတို့ ချန်လှပ်ခံခဲ့ရပြီး ဝင်းမိုးကျော်၊ ဟိန်းသီဟဇော်၊ ပြည့်ဖြိုးအောင်(ဂိုး)၊ ဒွေးကိုကိုချစ်၊ ဇင်မင်းထွန်းနှင့် ငြိမ်းချမ်းအောင်တို့ ပြန်လည်ရွေးချယ်ခံခဲ့ရသည်။

**နှစ်သင်းစလုံးအမှတ်မရသေး**

ကာဂျစ္စတန်အသင်းနှင့် မြန်မာအသင်းတို့၏ ကမ္ဘာ့ဖလားခြေစစ်ပွဲကို အောက်တိုဘာ ၁၀ ရက်တွင် ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် နှစ်ပွဲကစား၊ နှစ်ပွဲရှုံး၊ ကာဂျစ္စတန်အသင်းက တစ်ပွဲကစား၊ တစ်ပွဲရှုံးကာ နှစ်သင်းစလုံး အမှတ်မရသေးပေ။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလား ခြေစစ်ပွဲတွင် မွန်ဂိုလီးယားအသင်းကို အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိ၊ ဂျပန်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

**သတင်း- ရှိုင်းထက်ဇော်**
**ဓာတ်ပုံ- ဘုန်းသော်**

# ပေကျင်းလေဆိပ်သစ်ကို တရုတ်သမ္မတ ရှီကျင့်ဖျင် ဖွင့်လှစ်

**ပေကျင်း စက်တင်ဘာ ၂၅**

ကမ္ဘာပေါ်တွင် ခရီးသည် အဝင်၊ အထွက်အများဆုံး လေဆိပ်တစ်ခုဖြစ်လာမည်ဟု မျှော်မှန်းရသည့် ပေကျင်းမြို့တော်ရှိ ခေတ်ဆန်လှသော လေဆိပ်သစ်တစ်ခုကို တရုတ်သမ္မတ ရှီကျင့်ဖျင်က ယနေ့ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။

တရုတ်နိုင်ငံက ကွန်မြူနစ်ပါတီအုပ်ချုပ်မှု နှစ် (၇၀) ပြည့် အခမ်းအနား မကျင်းပမီ ရက်အနည်းငယ်အလိုတွင် သမ္မတရှီကျင့်ဖျင်က ကြီးမားသောလေဆိပ်အတွင်း ပြုလုပ်သည့် အခမ်းအနားတစ်ခု၌ မိန့်ခွန်းအကျဉ်းချုပ် ပြောကြား၍ ကြယ်ငါးပုံသဏ္ဌာန်လေဆိပ်ကို ဖွင့်လှစ်ကြောင်း ကြေညာခဲ့သည်။ တိန်အန်မင်ရင်ပြင်၏ တောင်ဘက် ၂၉ မိုင်အကွာတွင် တည်ရှိသည့် ပေကျင်းတာဇင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှာ လေယာဉ်ပြေးလမ်းရှစ်ခု၊ တစ်နှစ်လျှင် ခရီးသည် သန်း ၁၀၀ အထိ လက်ခံနိုင်မှုနှင့်အတူ ၂၀၄၀ ပြည့်နှစ်တွင် စွမ်းအားပြည့်အသုံးပြုနိုင်မည်ဖြစ်သည်။ ဘောလုံးကွင်း ၁၀၀ အရွယ်အစား စတုရန်းမီတာ ၇၀၀၀၀၀ (၁၇၂ ဧက)ခန့်ရှိသော လေဆိပ်သစ်မှာ ကမ္ဘာ့အကြီးမားဆုံး လေဆိပ်များအနက် တစ်ခုဖြစ်လာမည်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများကလည်း လေဆိပ်သစ်သို့ ပြောင်းရွှေ့လုပ်ကိုင်မည့် အစီအစဉ်များကို ကြေညာခဲ့သည်။ လေဆိပ်အဆောက်အအုံကို ၂၀၁၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သည့် အီရတ်-ဗြိတိန် ဗိသုကာ ဇာဟာဟာဒက်က ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်သည်။ လေဆိပ်အောက်တွင် ခရီးသွားများကို မိနစ် ၂၀ အတွင်း ပေကျင်းမြို့လယ်သို့ ရောက်ရှိနိုင်သည့် ဘူတာရုံတစ်ခုနှင့် မြေအောက်ရထားလိုင်းရှိသည်။

လေဆိပ်စီမံကိန်းကုန်ကျစရိတ်မှာ ယွမ် ၁၂၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅ ဘီလီယံ) သို့မဟုတ် ရထားလမ်း၊ ကားလမ်းများ ထည့်သွင်းပါက ယွမ် ၄၀၀ ဘီလီယံ ဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန် - ကျော်ထိုက်စိုး**



# အင်ဒိုနီးရှားပျောက်ဆုံးလေယာဉ် ရှာဖွေတွေ့ရှိ

**ဂျကာတာ စက်တင်ဘာ ၂၅**

ပြီးခဲ့သည့် သီတင်းပတ်က အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက် ပါပူဝါပြည်နယ်၌ အဆက်အသွယ်ပြတ်တောက်ခဲ့သည့် ကုန်တင်လေယာဉ်တစ်စင်း၏ အပျက်အစီးနှင့်အတူ ရုပ်အလောင်းလေးလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အင်ဒိုနီးရှား ကူညီကယ်ဆယ်ရေးအဖွဲ့က ယနေ့ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ DHC6-400 အမျိုးအစား ကုန်တင်လေယာဉ်သည် စက်တင်ဘာ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၃၉ မိနစ်ခန့်က မီမီကာခရိုင်ရှိ မိုဇက်စ်လေဆိပ်မှ နိုင်ငံ၏အရှေ့ဘက် တောင်ထူထပ်သော ပါပူဝါပြည်နယ် အီလာကာခရိုင်ရှိ အာမင်ဂါရူလေဆိပ်သို့ ဦးတည်ပျံသန်းခဲ့ပြီးနောက် ၁၈ မိနစ်ခန့်အကြာတွင် လေကြောင်းထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သည်။

ကူညီကယ်ဆယ်ရေးအဖွဲ့သည် အဆိုပါ ပျောက်ဆုံးလေယာဉ်ကို ပါပူဝါပြည်နယ် ဟိုယာခရိုင်ရှိ တောင်ထူထပ်သော ဒေသတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပေါ်တွင် လိုက်ပါသူများ၏ ရုပ်အလောင်းအားလုံးကို လေယာဉ်ပေါ်မှ အခြားနေရာသို့ ပြောင်းရွှေ့ခဲ့ကြောင်း၊ အဆိုပါ အလောင်းများကို စစ်ဆေးရန် မီမီကာခရိုင်ရှိ အထွေထွေဆေးရုံကြီးသို့ လွှဲပြောင်းပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားကူညီကယ်ဆယ်ရေးရုံးမှ တာဝန်ရှိသူ ယူဆာ့ဖ်လာတစ်ဖ်က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# ပါကစ္စတန်မြောက်ပိုင်း မြေငလျင်ကြောင့် ၂၈ ဦးသေ၊ ၄၇၆ ဦး ဒဏ်ရာရ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၅**

ပါကစ္စတန်ထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသတွင် အင်္ဂါနေ့က ဒေသစံတော်ချိန် ညနေ ၄ နာရီထိုးပြီး မကြာမီအတွင်း ပြင်းအား ၅ ဒသမ ၈ ရှိသည့် ငလျင်လှုပ်ခတ်ခဲ့ရာ သေဆုံးသူ ၂၈ ဦးအထိရှိလာပြီး အနည်းဆုံး လူ ၄၇၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အရာရှိများနှင့် ဒေသတွင်းမီဒီယာများက ယနေ့ ပြောကြားသည်။

ပါကစ္စတန်အရှေ့ပိုင်းရှိ ဂျီလမ်နှင့် လာဟိုးခရိုင်တို့တွင်လည်း မြေငလျင်ကြောင့် အဆောက်အအုံနံရံနှစ်ခု ပြိုကျသဖြင့် အနည်းဆုံးအမျိုးသမီးနှစ်ဦး သေဆုံးပြီး အခြားသူ ၂၀ ဒဏ်ရာရရှိခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြသည်။ ယင်းမြေငလျင်သည် အစ္စလာမ္မာဘတ်မြို့တော်မှ ၁၁၉ ကီလိုမီတာခန့်အကွာတွင်ရှိသည့် ဂျီလမ်ခရိုင်၏မြောက်ဘက် ငါးကီလိုမီတာ၌ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ငလျင်လှုပ်ခတ်သည့်ဒဏ်ကို အစ္စလာမ္မာဘတ်မြို့ ပန်ဂျပ်ပြည်နယ်ရှိ ဒေသအတော်များများနှင့် ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ ခိုင်ဘာပါ့ခ်တွန်ကွာပြည်နယ်တို့မှ ခံခဲ့ရပြီး လူများသည် အိမ်အပြင်ဘက်သို့ ထွက်ပြေးခဲ့ကြသည်။ မီယာပူရ်ခရိုင်ရှိ ဂျာတလန်မြို့တွင် ထိခိုက်မှုအများဆုံး ခံခဲ့ရပြီး အိမ်၊ ပလာဇာနှင့် ဈေးဆိုင်အများအပြား ပြိုလဲပျက်စီးခဲ့သည့်အပြင် တံတားသုံးခုအပါအဝင် လမ်းများလည်း ဆိုးဆိုးရွားရွားပျက်စီးခဲ့သဖြင့် အခြားဒေသများနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သည်။

ပါကစ္စတန်သမ္မတ အရစ်ဖ်အယ်လဗီနှင့် ဝန်ကြီးချုပ် အီမရန်ခန်းတို့က ဆုံးရှုံးမှုများအတွက် ဝမ်းနည်းကြောင်း ပြောကြားခဲ့ပြီး ငလျင်ဒဏ်ခံရသူများကို ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ရန်အတွက် မြန်မြန်ဆန်ဆန်ဆောင်ရွက်ကြရန် အာဏာပိုင်များကို ညွှန်ကြားခဲ့ကြသည်။ ပါကစ္စတန်နိုင်ငံသည် မြေငလျင်လှုပ်ခတ်မှုအများဆုံး ဖြစ်ပေါ်သည့်ဒေသတစ်ခုဖြစ်ပြီး ပြင်းထန်သည့် မြေငလျင်များလှုပ်ခတ်သည့် သမိုင်းကြောင်းရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**

# ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားတို့မှ တာဝန်ရှိသူများ မြောက်ကိုရီးယားအရေးဆွေးနွေး

**နယူးယောက် စက်တင်ဘာ ၂၅**

ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ မြောက်ကိုရီးယားရေးရာကိုင်တွယ်လျက်ရှိသော တာဝန်ရှိသူများသည် မြောက်ကိုရီးယားနိုင်ငံ နျူကလီးယားအပြီးတိုင်ဖျက်သိမ်းရေးကို ပြည့်ပြည့်ဝဝအကောင်အထည်ဖော်ရန် ကြိုးပမ်းမှုအနေဖြင့် သုံးနိုင်ငံနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် အတည်ပြုပြောကြားခဲ့ကြောင်း ယနေ့ ဖော်ပြထားသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာဆီယံနှင့် သမုဒ္ဒရာပိုင်းဆိုင်ရာရေးရာဗျူရိုမှ ညွှန်ကြားရေးမှူးချုပ် ကျီဂီကီနာကီဇာကီသည် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရာဆိုင်ရာ တောင်ကိုရီးယားအထူးကိုယ်စားလှယ် လီဒိုဟွန်း၊ မြောက်ကိုရီးယားဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ် စတီဖင်ဘီဂွန်းတို့နှင့် စက်တင်ဘာ ၂၄ ရက်က နယူးယောက်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ ထိပ်တန်းတာဝန်ရှိသူသုံးဦးသည် အမေရိကန်နှင့် မြောက်ကိုရီးယားတို့အကြားပြုလုပ်မည့် နျူကလီးယား အပြီးတိုင်ဖျက်သိမ်းရေးဆိုင်ရာ အလုပ်သဘောဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်မည့် အလားအလာများအပါအဝင် နောက်ဆုံးဖြစ်ပေါ်နေသည့် ဖွံ့ဖြိုးတိုးတက်မှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

နာကီဇာကီသည် သုံးနိုင်ငံမှ ထိပ်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲမတိုင်မီ ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရာဆိုင်ရာ တောင်ကိုရီးယားအထူးကိုယ်စားလှယ် လီဒိုဟွန်းနှင့် သီးသန့်တွေ့ဆုံခဲ့ပြီး မြောက်ကိုရီးယားအရေးနှင့်စပ်လျဉ်း၍ အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# စစ်မက်ဖြစ်ပွားရာ ယီမင်၌ ကလေးနှစ်သန်းခန့် ကျောင်းတက်ခွင့် ဆုံးရှုံး

**ဆာနာ စက်တင်ဘာ ၂၅**

စစ်မက်ဖြစ်ပွားရာ ယီမင်နိုင်ငံရှိ ကလေးသူငယ် နှစ်သန်းခန့်သည် ကျောင်းတက်ခွင့်မရဘဲ စာသင်ကျောင်းများ၏ ပြင်ပတွင်ရှိနေကြပြီး ၎င်းတို့အနက် လေးပုံတစ်ပုံသည် နိုင်ငံအတွင်း ပဋိပက္ခအရှိန်မြင့်မားလာခဲ့ချိန် ၂၀၁၅ ခုနှစ် မတ်လကတည်းက ကျောင်းထွက်ခဲ့ကြကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က ယနေ့ ပြောကြားသည်။

ယီမင်ကျောင်းဆရာများအနေဖြင့် နှစ်နှစ်ကျော်ကြာ လစာမရသည့်အတွက် ကျောင်းသား ၃ ဒသမ ၇ သန်းတို့၏ ပညာရေးသည် စိုးရိမ်ပူပန်စရာအနေအထားတွင် ရှိကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

နိုင်ငံအတွင်း ရက်စက်ကြမ်းကြုတ်မှုများနှင့် စာသင်ကျောင်းများအပေါ် တိုက်ခိုက်မှုများကြောင့် ကလေးများကို ကျောင်းတက်ခြင်းမှ ဟန့်တားထားကြောင်း၊ ယီမင်ပညာရေးစနစ်သည် နိုင်ငံအတွင်း ဖြစ်ပွားသော ပဋိပက္ခများကြောင့် ယိုယွင်းပျက်စီးခဲ့ပြီး ယီမင်နိုင်ငံအတွင်းရှိ စာသင်ကျောင်း ငါးပုံတစ်ပုံသည် ရေရှည်အသုံးပြု၍ မရနိုင်တော့ကြောင်း ယူနီဆက်က ပြောကြားသည်။

စစ်ပွဲကြောင့် ကျောင်းနေခွင့်မရသည့် ယီမင်ကလေးငယ်များသည် အမျိုးမျိုးသော အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိသလို ၎င်းတို့၏ ဘဝတိုးတက်ရေး အခွင့်အလမ်းများကိုလည်း လက်လွှတ်ဆုံးရှုံးခဲ့ရကြောင်း ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ် ဆာရာဘိုင်ဆိုလောညဏ်တီက ပြောကြားသည်။

အီရန်၏ မဟာမိတ်ဖြစ်သော ဟူသီစစ်သွေးကြွအုပ်စုက ယီမင်နိုင်ငံ မြို့တော်ဆာနာမြို့ကို သိမ်းပိုက်ခဲ့ပြီးနောက် ဆော်ဒီဦးဆောင်သော အာရပ်ညွန့်ပေါင်းတပ်ဖွဲ့က ပြည်ပြေး ယီမင်သမ္မတမန်ဆောဟာဒီကို ထောက်ခံသည့်အနေဖြင့် ၂၀၁၅ ခုနှစ် မတ်လမှစ၍ ယီမင်နိုင်ငံအပေါ် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ထိုအချိန်ကတည်းက ယီမင်နိုင်ငံတွင် ပြည်သူ သောင်းနှင့်ချီ အသက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။




စစ်ပွဲကြောင့် ယီမင်ပြည်သူသန်းနှင့်ချီ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရပြီး ပြည်သူ ၂၄ ဒသမ ၁ သန်းသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ လိုအပ်လျက်ရှိသည်။ ထို့အပြင် အသက်ငါးနှစ်အောက် ကလေးငယ်များသည် အာဟာရဓာတ်ချို့တဲ့မှုနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိပြီး ကုလသမဂ္ဂအနေဖြင့် ယီမင်နိုင်ငံကို ကမ္ဘာပေါ်ရှိ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ အလိုအပ်ဆုံးနိုင်ငံအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**

# အမေရိကန်ရုပ်ရှင်ဇာတ်ကား ''Taxi Driver'' ကို လေ့လာမှုအစီအစဉ် ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

ဒါရိုက်တာ "Martin Scorsese" ၏ လက်ရာကောင်းတစ်ခုဖြစ်သော "Taxi Driver" ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၂၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာ




ရုပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှု အစီအစဉ် ပြုလုပ်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၂၆) ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါ ဇာတ်လမ်းအမျိုးအစားမှာ American Neo-noir Psychological Thriller and Crime Drama Film ဖြစ်ပြီး ၁၉၇၆ ခုနှစ်က Cannes Film Festival တွင် Palme d’Or ဆုရရှိခဲ့ကြောင်း၊ ဇာတ်လမ်းအကျဉ်းမှာ ဗီယက်နမ်စစ်ပြန် အမေရိကန်အထီးကျန် အငှားကားမောင်းသမားတစ်ဦးသည် အိပ်မပျော်သည့် ရောဂါခံစားနေရကြောင်း၊ ၎င်းနှစ်သက်သဘောကျနေသော မိန်းကလေးမှာ သမ္မတလောင်း ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် အလုပ်လုပ်ပေးနေသူဖြစ်ကြောင်း၊ ၎င်း၏စိတ်အခြေအနေ၊ ၎င်းချစ်သူ၏ ရပ်တည်ချက်နှင့် အမေရိကန်တို့၏ ဗီယက်နမ်စစ်ပြီးချိန် နယူးယောခ်မြို့ကို အခြေတည်၍ ရိုက်ကူးပုံဖော်ထားသော ရုပ်ရှင်ဇာတ်ကားတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေသုံးစွဲသူပြည်သူများသို့ အသိပေးဖော်ပြချက်

၂၇-၉-၂၀၁၉ ရက်နေ့တွင် ငမိုးရိပ်ရေသန့်စင်စက်ရုံ(ညောင်နှစ်ပင်)သို့ သွယ်တန်းထားသော ကောင်းကင်ဓာတ်အားလိုင်း မကြာခဏ အပြစ်ဖြစ်ပေါ်မှုနည်းပါးစေရန် Cover ပါရှိသော Insulated Cable နှင့် လဲလှယ်နိုင်ရန်အတွက် လှော်ကား-ဖောင်ကြီးဓာတ်အားလိုင်းမှ ယာယီဓာတ်အားဆက်သွယ်ရန်အတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် ပူးပေါင်းပြီး လျှပ်စစ်ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် (ညောင်နှစ်ပင်)ရေသန့်စင်စက်ရုံတွင် ဓာတ်အားပြတ်တောက်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထိုစက်ရုံမှ အဓိကရေပေးဝေလျက်ရှိသောမင်္ဂလာဒုံ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်း၊ ရွှေပေါက်ကံ၊ သာကေတ၊ ဒေါပုံမြို့နယ်များတွင် နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအထိ ရေခေတ္တပြတ်တောက်မည်ဖြစ်၍ ရေကြိုတင်စုဆောင်းထားနိုင်ပါရန် အသိပေးအပ်ပါသည်။

**ရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့**
**အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ **ရှုံးထွက်ချန်ပီယံမှ**

စတင်ကစားခဲ့ရပြီး Southern ကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သလို ဆီမီးဖိုင်နယ်တွင် စစ်ကိုင်းအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုး၊ ဗိုလ်လုပွဲတွင် ရှမ်းယူနိုက်တက်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲတွင် ခုနစ်ကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ၂၀၁၂ ရာသီမှ စတင်ယှဉ်ပြိုင်ခွင့်ရခဲ့ကာ ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၁၉ ရာသီတို့ ယှဉ်ပြိုင်ခဲ့ကာ အမြင့်ဆုံးအဖြစ် ၂၀၁၃ နှင့် ၂၀၁၄ ရာသီတွင် ရှုံးထွက် အဆင့်၊ ၂၀၁၈ ရာသီတွင် အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

**ရှိုင်းထက်ဇော်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၅**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# စလင်းမြို့နယ် ငွေတောင်ရွာအနီး၌ လူသတ်မှုဖြစ်

**စလင်း စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ငွေတောင်ကျေးရွာ ယာကွက်၌ စက်တင်ဘာ ၂၄ ရက်က အမျိုးသမီးတစ်ဦး အသတ်ခံရကြောင်း စလင်းမြို့မစခန်းမှူး ဒုရဲမှူးသန်းဇော်ထံမှ သိရသည်။

စလင်းမြို့ မြင်တင်ရပ်နေ မစုစုမြတ်သည် လွန်ခဲ့သည့် သုံးရက်ခန့်က နေအိမ်မှ ထွက်သွားရာ ပြန်မလာဘဲရှိနေစဉ် စက်တင်ဘာ ၂၄ ရက်က စလင်းပြည်သူ့ဆေးရုံရင်ခွဲရုံ၌ အမျိုးသမီးအလောင်းတစ်လောင်း ရောက်ရှိနေကြောင်း သိရ၍ သွားရောက်ကြည့်ရှုရာ မစုစုမြတ် အလောင်းဖြစ်နေကြောင်း သိရသည်။

ဖြစ်စဉ်မှာစလင်းမြို့နယ် ဖောင်းလင်းရဲကင်းနှင့် နှစ်မိုင်ခန့်ကွာ ငွေတောင်ကျေးရွာမှ စလင်း-ဖောင်းလင်းသို့သွားရာ လမ်းခွဲ အထက်ပေ ၅၀၀ ခန့်အကွာ ယာကွက်ချုံစပ်၌ အမျိုးသမီးတစ်ဦး သေဆုံးနေသည်ကို သိရ၍ စလင်းရဲစခန်းမှ ဒုရဲမှူးသန်းဇော်နှင့်ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မစုစုမြတ်သည် လက်ကောက်ဝတ် ပြတ်ရှဒဏ်ရာ၊ လည်ပင်းပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိ၍ စလင်းဆေးရုံသို့ ပို့ပေးခဲ့ပြီး စလင်းရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# မလှိုင်မြို့နယ် သပြေပင်ကျေးရွာအနီး ရေကျော်ချောင်းတွင် ခရီးသည်တင်ယာဉ် တိမ်းမှောက်၊ ခရီးသည် ၁၃ ဦး ဒဏ်ရာရ



**မိတ္ထီလာ စက်တင်ဘာ ၂၅**

မလှိုင်မြို့နယ် သပြေပင်ကျေးရွာအနီး ရေကျော်ချောင်းတွင် စက်တင်ဘာ ၂၅ ရက် နံနက် ၂ နာရီခွဲက ခရီးသည်တင်ယာဉ်မှာ မျက်နှာချင်းဆိုင်မှလာသော ယာဉ်အား ရှောင်တိမ်းရာမှ ကားဘီးချော်၍ တိမ်းမှောက်မှုဖြစ်ပွားရာ ခရီးသည် ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ ပခုက္ကူမြို့သို့ ယာဉ်မောင်း ဦးထွန်းဇော်ဦး ပဲခူးမြို့နေသူ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်သည် မိတ္ထီလာ-မလှိုင်သွားကားလမ်း မိုင်တိုင် (၁/၇)နှင့် (၁၁/၀)ကြား မလှိုင်မြို့နယ် သပြေပင်ကျေးရွာအနီး ရေကျော်ချောင်းတွင် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ယာဉ်အား ရှောင်တိမ်းရာမှ ဘီးချော်ကျပြီး တိမ်းမှောက်၍ ယာဉ်ပေါ်ပါ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် အပါအဝင် အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၄၅ ဦးအနက် အမျိုးသားခုနစ်ဦး၊ အမျိုးသမီးခြောက်ဦးတို့ ဒဏ်ရာရရှိခဲ့သဖြင့် မိတ္ထီလာပြည်သူ့ဆေးရုံကြီးသို့ ဆေးကုသနိုင်ရန် တင်ပို့ထားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ထွန်းဇော်ဦးအား မလှိုင်မြို့မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရေနံချောင်းမြို့နယ်၌ ချောက်ထဲသို့ ဆိုင်ကယ်တစ်စီး အရှိန်လွန်ပြုတ်ကျ၊ တစ်ဦးသေဆုံး

**ရေနံချောင်း စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့မြို့ရှောင်လမ်း မိုင်တိုင် (၃၆၅/၅)နှင့် (၁/၀)အကြား ယာပြင်တံတား၏ ယာဘက်ခြမ်း အနက်ပေ ၆၀ ခန့်ရှိ ချောက်ထဲသို့ စက်တင်ဘာ ၂၅ ရက် ၀၀ နာရီ ၃၀ မိနစ်ခန့်က ဆိုင်ကယ်တစ်စီးနှင့် လူနှစ်ဦး အရှိန်လွန်ပြုတ်ကျပြီး တစ်ဦးသေဆုံးကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

သတင်းအရ လက်မှတ်ကုန်းနယ်မြေရဲစခန်းမှူး ရဲအုပ်မိုးညိုနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ ရေနံချောင်းမြို့ အေးကုန်းရပ်နေသူ မောင်ငြိမ်းခန့် မောင်းနှင်ပြီး နောက်တွင် မောင်ရဲလင်းထူး အေးကုန်းရပ်နေသူ လိုက်ပါလာသော ဆိုင်ကယ်သည် ယာကြီးပြင်မှ စက်မှုဇုန်သို့ မောင်းနှင်သွားစဉ် အခင်းဖြစ်နေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တံတား၏ ယာဘက်ခြမ်း ချောက်ထဲသို့ ထိုးကျသွားခဲ့သည်။ ချောက်ထဲသို့ ဆိုင်ကယ်အရှိန်လွန်ထိုးကျမှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ မောင်ငြိမ်းခန့်မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး နောက်မှလိုက်ပါလာသူ မောင်ရဲလင်းထူးတွင် (မစိုးရိမ်ရ) ဒဏ်ရာများရရှိကာ ရေနံချောင်းပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မောင်ငြိမ်းခန့်အား လက်မှတ်ကုန်းနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုစိုးကြီး**

# လှည်းကူးမြို့နယ်၌ ဆိုင်ကယ်အရှိန်မထိန်းနိုင်ဘဲ ကိုရိုနာဆလွန်းယာဉ်အား ဝင်တိုက်၊ တစ်ဦးသေဆုံး

**လှည်းကူး စက်တင်ဘာ ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် စုပေါင်းရုံးမှတ်တိုင်အနီးအရောက်တွင် စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်က ဆိုင်ကယ်အရှိန်မထိန်းနိုင်ဘဲ ရှေ့ရှိယာဉ်အား ဝင်တိုက်မိကာ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပဲခူးလမ်းအတိုင်း လှည်းကူးမှ ထောက်ကြန့်သို့ ဇော်ဇော်လတ် မောင်းနှင်ပြီး နောက်မှ မြတ်စိုးလင်း ပြည်တော်သာရပ်ကွက် လှည်းကူးမြို့နေသူ လိုက်ပါလာသော ဆိုင်ကယ်သည် စုပေါင်းရုံးမှတ်တိုင်အနီးအရောက်တွင် အရှိန်လွန်ကာ ၎င်းရှေ့မှ ဦးနေဝင်း သင်္ဃန်းကျွန်းမြို့နယ်နေသူ မောင်းနှင်နေသော ကိုရိုနာ ဆလွန်းအငှားယာဉ်အား နောက်မှ တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ ဇော်ဇော်လတ်တွင် ဒဏ်ရာများရရှိကာ လှည်းကူးဆေးရုံတွင် ပြင်ပလူနာနှင့် ဆိုင်ကယ်နောက်မှစီးသူ မြတ်စိုးလင်းတွင် ဒဏ်ရာများရရှိကာ လှည်းကူးဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းနှင်သူ ဇော်ဇော်လတ်အား လှည်းကူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

# ပန်းတနော်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းမကြီး၌ ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ



**ပန်းတနော် စက်တင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းမကြီး ပသွယ်ကျေးရွာ တံတားအနီး မိုင်တိုင်(၅၇/ ၆) နှင့် (၅၇/ ၇) အကြားတွင် စက်တင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီက ပုသိမ်မှ ရန်ကုန်သို့ မောင်းနှင်လာသော တရုတ်နိုင်ငံသားများ စီးနင်းလိုက်ပါလာသည့် ယာဉ်နှင့် ရန်ကုန်မှ ပုသိမ်သို့ မောင်းနှင်လာသည့် ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ ပုသိမ်သို့ ယာဉ်မောင်း သက်ဆုမောင် မောင်းနှင်လာသော ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောရှိ ပုသိမ်မှ ရန်ကုန်သို့ အောင်ကိုထူး မောင်းနှင်လာပြီး တရုတ်နိုင်ငံသား အမျိုးသား ငါးဦးနှင့် အမျိုးသမီး ၁၅ ဦး၊ ဘာသာပြန်သုံးဦး၊ ယာဉ်နောက်လိုက် တစ်ဦးတို့ စီးနင်းလိုက်ပါလာသော ခရီးသည်တင်ယာဉ်အား မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိခဲ့သဖြင့် တရုတ်နိုင်ငံသား အမျိုးသမီး လေးဦးတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ယာဉ်မောင်း သက်ဆုမောင်အား ပန်းတနော်ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပန်းတနော်)**

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၁၀)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂၄၄,၅၄၄.၆၂၃ | | | ၆၄,၈၃၉.၆၀၁ | ၂၂,၈၇၅.၀၀၀ | ၁၃,၀၆၇.၇၂၅ | | | ၃၄၅,၃၂၆.၉၄၉ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | ၁,၃၇၂,၂၉၄.၉၃၁ | | | ၅၃,၃၆၃.၉၂၈ | | | | | ၁,၄၂၅,၆၅၈.၈၅၉ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | ၆၂၀,၁၀၀.၀၄၄ | | | ၄၆,၆၇၆.၉၃၉ | | | | | ၆၆၆,၇၇၆.၉၈၃ |
| | ပေါင်း | | ၂,၂၃၆,၉၃၉.၅၉၈ | | | ၁၆၄,၈၈၀.၄၆၈ | ၂၂,၈၇၅.၀၀၀ | ၁၃,၀၆၇.၇၂၅ | | | ၂,၄၃၇,၇၄၂.၇၉၁ |

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၉.၁၆၇ | | ၁,၅၁၅.၄၂၇ | | | | | | | | | ၁,၅၂၄.၅၉၄ |
| | ပေါင်း | | ၉.၁၆၇ | | ၁,၅၁၅.၄၂၇ | | | | | | | | | ၁,၅၂၄.၅၉၄ |

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁,၄၇၉.၄၂၇ | | | | | | | | ၁,၄၇၉.၄၂၇ |
| | ပေါင်း | | ၁,၄၇၉.၄၂၇ | | | | | | | | ၁,၄၇၉.၄၂၇ |

နေပြည်တော်ကောင်စီ

ဇယား(၁၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၇.၅၂၈ | | ၃၅.၇၀၀ | | | | | | | | | ၁၁၃.၂၂၈ |
| | ပေါင်း | | ၇၇.၅၂၈ | | ၃၅.၇၀၀ | | | | | | | | | ၁၁၃.၂၂၈ |

(ဆက်လက်ဖော်ပြပါမည်)

# အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဂ) ပုဒ်မခွဲ(က)အရဖွဲ့စည်းထားသော ဇဟိုကော်မတီကို လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း(၄)**

**ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ ဗဟိုကော်မတီသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အပင်မျိုးမွေးမြူရေးလုပ်ငန်းများနှင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးများကို အထောက်အကူဖြစ်စေသော ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်သည့် မူဝါဒများကို ချမှတ်ရမည်။

(ခ) အပင်မျိုးမွေးမြူရေးလုပ်ငန်းများ၊ နည်းပညာနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သည့် အစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ရမည်။

၆။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူက အပင်မျိုးသစ်အားကာကွယ်သည့် အခွင့်အရေး လျှောက်ထားလာသောအခါ အဆိုပါ အပင်မျိုးသစ်ကို သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ အပင်မျိုးသစ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သဘောထားမှတ်ချက်အပေါ် စိစစ်သုံးသပ်၍ ကိုက်ညီမှုရှိပါက အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးရမည်။

**အခန်း(၅)**

**အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သတ်မှတ်ချက်များ**

၇။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအတွက် အပင်မျိုးသစ်အဖြစ် ကာကွယ်ခွင့်ရရှိရန် လျှောက်ထားလာသည့် အပင်မျိုးသည် အောက်ပါ အရည်အသွေးများနှင့် ပြည့်စုံရမည် -

(က) အသစ်ဖြစ်ခြင်း၊

(ခ) ထူးခြားမှုရှိခြင်း၊

(ဂ) ညီညာမှုရှိခြင်း၊

(ဃ) တည်ငြိမ်မှုရှိခြင်း၊

(င) ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်ပေးခြင်း။

၈။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးကို အပင်မျိုးသစ်ဟု မှတ်ယူရန်အတွက်-

(က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး လျှောက်ထားလာသည့်အချိန်၌ အပင်မျိုးမွေးမြူသူ သို့မဟုတ် ယင်း၏ ခွင့်ပြုချက်ရရှိသူက အဆိုပါအပင်မျိုး၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်း သို့မဟုတ် ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများအား ပြည်တွင်း၌ တစ်နှစ်ထက်စော၍လည်းကောင်း၊ ပြည်ပ၌ လေးနှစ်ထက်စော၍လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များဖြစ်ပါက ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ခြောက်နှစ်ထက်စော၍လည်းကောင်း စီးပွားရေးအလို့ငှာ စိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားအသုံးပြုမှုများအတွက် ရောင်းချထားခြင်း မရှိစေရ။

(ခ) လျှောက်ထားလာသည့် အပင်မျိုး၏ မျိုးပွားနိုင်သည့်အစိတ်အပိုင်း သို့မဟုတ် ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများသည် ယခင်လျှောက်ထားခဲ့ခြင်းမရှိပါက ပြည်တွင်း၌ လေးနှစ်ထက်စော၍လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်ဖြစ်ပါက ခြောက်နှစ်ထက်စော၍လည်းကောင်း စီးပွားရေးအလို့ငှာ ဖြန့်ဖြူးရောင်းချထားသော်လည်း ယင်းအပင်မျိုး၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်း သို့မဟုတ် ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများကို အပင်မျိုးသစ်အဖြစ် မှတ်ယူနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအတွက် လျှောက်ထားလိုသည့် အပင်မျိုးသစ်ကို ဤဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း လျှောက်ထားရမည်။

၉။ အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် ကာကွယ်ခွင့်ရရှိရန် လျှောက်ထားသည့်အချိန်တွင် အများလက်ခံသိရှိထားသည့် အခြားမည်သည့်အပင်မျိုးနှင့်မဆို သိသာစွာ ကွဲပြားခြားနားသည့် ထူးခြားသောလက္ခဏာရပ်ရှိရမည်။

ရှင်းလင်းချက်။ ။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးလျှောက်ထားချိန် သို့မဟုတ် မှတ်ပုံတင်ခွင့် လျှောက်ထားချိန်တွင် မည်သည့်နိုင်ငံ၌မဆို အများလက်ခံသိရှိထားသည့် အခြားအပင်မျိုးများထက် ထူးခြားသောလက္ခဏာရပ်ပါရှိသည့် အပင်မျိုးများနှင့်စပ်လျဉ်းသော လျှောက်ထားခြင်းကိုသာ ဆိုသည်။

၁၀။ အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် မျိုးပွားဖြစ်စဉ်ကြောင့် အချို့သော လက္ခဏာရပ်များ ကွဲလွဲနိုင်သော်လည်း အဆိုပါအပင်မျိုး၏ မူရင်းလက္ခဏာရပ်များသည် ညီညာမှုရှိရမည်။

၁၁။ အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် သားဆက်အဆင့်ဆင့်မျိုးပွားရာတွင် သို့မဟုတ် အထူးသဖြင့် မျိုးပွားစက်ဝန်းတစ်လျှောက်နှင့် စက်ဝန်းအသီးသီး၏ အဆုံးတွင် ယင်းအပင်မျိုးကို ကိုယ်စားပြုသည့် လက္ခဏာရပ်များ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာ ဖော်ပြရမည်။

၁၂။ (က) အပင်မျိုးသစ်ကို အမည်ပေးရာတွင်-

(ဆက်လက်ဖော်ပြပါမည်)

# ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**အခန်း (၅)**

**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်-

**အထူးကုန်စည်များ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်-

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနကဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုး နှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင် လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်နှင့်ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုး သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ကြိုတင်ပေးပို့ထားသည့် တန်ဖိုး၊ ယင်းတန်ဖိုး နှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း။

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၆၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၈ ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၆၀၁ ကျပ် မှ ကျပ် ၈၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၇ ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၈၀၁ ကျပ် မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၂ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၁၀၀၁ ကျပ်နှင့် အထက်အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၅ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၇၅ ပြား |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ ရာခိုင်နှုန်း |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀ ကျပ် မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၇၀ ကျပ် |
| | (ခ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ် မှ ကျပ် ၂၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၄၂၄ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ် မှ ကျပ် ၃၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၇၀၇ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ် မှ ကျပ် ၄၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၉၉၀ ကျပ် |

(ဆက်လက်ဖော်ပြပါမည်)



## မြို့ထောင့်စေတီဗုဒ္ဓပူဇနိယပွဲတော်တွင် လှေခင်းသဘင်နှင့် လှေလှော်ပြိုင်ပွဲကျင်းပ

**ရွှေဘို စက်တင်ဘာ ၂၅**

ရွှေဘိုမြို့၏ မြို့တည်နန်းတည် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထားကိုးကွယ်တော်မူခဲ့သော မော်ခေါမြင်သာ မြို့ထောင့်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် မြန်မာ့ရိုးရာအစဉ်အလာမပျက် ကျင်းပလေ့ရှိသည့် လှေခင်းသဘင်နှင့် လှေလှော်ပြိုင်ပွဲကို မြို့ထောင့်စေတီဘုရားအရှေ့ဘက်မုခ်ဦး၌ စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကြိုတင်ပြင်ဆင်ထားသော မင်္ဂလာကျုံးတော်အတွင်းရှိယာယီမဏ္ဍပ်၌ လှေတော်နှင့်တကွ လှေတော်တပ်သားများ လှေတော်သားများ၏ ဂါရဝပြုခြင်းကိုခံယူပြီး လှေခင်းသဘင်ပွဲတော်ကို ကျင်းပသည်။

ထို့နောက် လှေလှော်ပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပြည်သူများက အားပေးကြည့်ရှုကြသည်။

လှေလှော်ပြိုင်ပွဲ ပွဲစဉ်များကို စက်တင်ဘာ ၂၄၊ ၂၅၊ ၂၆ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လှေအသင်းပေါင်း ၁၂ သင်းရှိကာ ၁၀ တက်အသင်းနှင့် ရှစ်တက်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**မိုးသောက် ( ရွှေဘို)**

## အလုပ်ထုတ်ခံရသည့်လုပ်သားများအတွက် နစ်နာကြေးပေးအပ်

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရွှေမန်းတောင်ဂေါက်ကွင်းမှ အလုပ်ထုတ်ခံရသည့် ကယ်ရီလုပ်သား ၇၀ နစ်နာခဲ့ခြင်းအပေါ် ထောက်ပံ့ကြေးပြန်လည်ပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခြောက်ထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး ဦးအောင်ကျော်ထွန်းက ထောက်ပံ့ကြေးငွေထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အလုပ်ထုတ်ခံရသည့် ကယ်ရီလုပ်သား ၇၀ အတွက် ထောက်ပံ့ကြေးငွေ ၅၅၉၀၉၁၅၉ ကျပ်ပေးအပ်ရာ ကယ်ရီလုပ်သားကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြသည်။

**အောင်စံမောင်**



## ရေဘုတ်ဆည်ရေလှောင်တမံအတွင်း ငါးမျိုး စိုက်ထည့်

**လှိုင်းဘွဲ့ စက်တင်ဘာ ၂၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ငါးမွေးကန်များအတွက် ငါးသားပေါက်များ ထောက်ပံ့ခြင်းနှင့် ရေဘုတ်ဆည်ရေလှောင်တမံအတွင်းသို့ ငါးမျိုးများစိုက်ထည့်ခြင်းကို စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ငါးသားပေါက်များ ပေးအပ်ခြင်းနှင့် ငါးမျိုးစိုက်ထည့်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စု ၁၇ စု၊ တောင်သူ ၃၃ ဦးအား ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ငါးမွေးကန်များအတွက် ငါးသားပေါက်များကို တာဝန်ရှိသူ များက ငါးမွေးမြူရေးလုပ်ငန်းရှင်များထံသို့ ပေးအပ်ခဲ့ပြီး ရေဘုတ်ဆည်ရေလှောင်တမံအတွင်းသို့ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြသည်။

ဒေသခံပြည်သူများ ငါးစားသုံးမှု ပိုမိုတိုးမြင့်လာစေရေး ငါးသားပေါက်ကောင်ရေ ၆၅၂၀၀၀ ကို စိုက်ထည့်ပေးခဲ့သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးအတွင်း ရေပေါ်ဆိုလာစနစ် အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ခြင်းရှင်းလင်း

**ပဲခူး စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီးအတွင်း ရေပေါ်ဆိုလာစနစ် အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် UAC Co., Ltd မှ လာရောက်ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို စက်တင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်း၌ ကျင်းပသည်။

UAC Co., Ltd ဥက္ကဋ္ဌ ဦးအောင်ထွေးနှင့် အဖွဲ့ဝင် Dr.Usman Fayaz တို့က သဘာဝရေပြင်၊ ဆည်၊ တမံများတွင် ရေပေါ်ဆိုလာစနစ်ဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်း၊ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဗွီဒီယိုဆလိုက်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက စီမံကိန်းလုပ်ငန်းတိုင်းသည် ပြည်သူကိုဗဟိုပြုသည့် လုပ်ငန်းများဖြစ်၍ ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆိုလာစနစ်နှင့် အသေးစားရေအားလျှပ်စစ်ထုတ်ယူခြင်းကို စစ်တောင်းမြစ်နှင့် နီးစပ်သည့်နေရာတို့တွင် ဆောင်ရွက်ပါက သင့်တော်မှုရှိပြီး ကျေးလက်ဒေသများအတွက်လည်း အလွန်အကျိုးရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**တင်စိုး(ပဲခူး)**

## လူထုအသိပညာပေး ဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင်လည်းကောင်း၊ ပြည်သူလူထုကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် အလုံမြို့နယ်ခန်းမ၌လည်းကောင်း ပါမောက္ခ ထင်အောင်စော၊ ပါမောက္ခ ခင်မောင်ကြီးနှင့် ပါမောက္ခ မာမာကြည်တို့က ကျန်းမာရေးအသိပညာပေးဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**ကြေးမုံ**

## အင်းတော်မြို့နယ်ရှိ ကြာကန်ညီနောင် ရေခန်းခြောက်လာ၍ ဇီဝမျိုးကွဲငှက်မျိုးစုံများ ပျောက်ဆုံးလာ

**အင်းတော် စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် သက္ကယ်ကျင်းကျေးရွာနှင့် အောင်ကုန်းကျေးရွာကြား ဇလုံတောင်ခရီးသွား ကားလမ်းဘေးရှိကြာကန်ညီနောင် အံ့ဖွယ်ရေခန်းခြောက်လာ၍ ဇီဝမျိုးကွဲ ဘဲခေါင်းစိမ်း၊ ဘဲခေါင်းဝါ၊ ဘဲခေါင်းမည်းနှင့် အမျိုးအမည်မသိသော ငှက်မျိုးစိတ်များ နည်းပါးသွားကြောင်း သိရသည်။

အင်းတော်မြို့နယ်ရှိ ကြာကန်ညီနောင်အတွင်း ပေါက်ရောက်နေသော ကြာမှထွက်ရှိသော ချည်မျှင်များကို ရက်ကန်းထည်များဖြစ်အောင် စီမံဆောင်ရွက်လိုက်ပါက ရက်ကန်းထည်များကြောင့်၊ ဇလုံတောင် ခရီးသွားလုပ်ငန်းတစ်ခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး သားရဲတိရစ္ဆာန်ငှက်မျိုးစုံများ လေ့လာရေးလုပ်ငန်းပါ ထည့်သွင်းစောင့်ကြည့်နိုင်သော ခရီးသွားနေရာတစ်ခု ဖြစ်လာနိုင်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကွင်းဆင်းလေ့လာ ဆောင်ရွက်ပေးပါက ပိုမိုလှပသော ကြာကန်ညီနောင်ဖြစ်လာနိုင်ကြောင်း သိရသည်။

ကြာကန်ထဲမှ ကြာပင်များသည် အမြင့်ပေ ခြောက်ပေကျော်ခန့်ရှိပြီး ကန်ညီနောင်ဧရိယာ ၁၂၀ ဒသမ ၆ ဧကအကျယ်အဝန်းရှိကာ ကန်ပတ်ဝန်းကျင် အမြဲစိမ်းတောများ ပြန်လည်ရှင်သန်စေရန် သစ်ပင်များစိုက်ပျိုးခြင်းနှင့် သားရဲတိရစ္ဆာန်များ သတ်ဖြတ်ခြင်းမရှိစေရန် ကာကွယ်ရေးလုပ်ငန်းများ စီစဉ်နေကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

## အခြေခံအလှပြင်သင်တန်းဆင်းပွဲကျင်းပ

**သရက် စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် အခြေခံမိတ်ကပ်လိမ်းခြင်းနှင့် ဆံပင်ညှပ်ခြင်း ၊ ဆေးဆိုးခြင်း၊ ဖြောင့်ခြင်း၊ ထုံးဖွဲ့နည်းသင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၂ ရက် ညနေ ၃ နာရီက အကျဉ်းထောင်ရှိ အမျိုးသမီးဆောင်၌ ကျင်းပသည်။

သရက်အကျဉ်းထောင် တာဝန်ခံအရာရှိ ဦးသိန်းလွင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး သင်တန်းသူများမှ သင်ကြားတတ်မြောက်ထားသည့် မိတ်ကပ်လိမ်းခြယ်ခြင်း၊ ဆံပင်ထုံးဖွဲ့ခြင်းဖြင့် တစ်ဦးချင်း စွမ်းရည်သရုပ်ပြ၍ ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင် ဒေါ်စန်းစန်းအေးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြပြီး သင်တန်းဆရာမအား သရက်အကျဉ်းထောင် တာဝန်ခံအရာရှိ ဦးသိန်းလွင်က ဂုဏ်ပြုပန်းခြင်းပေးခဲ့သည်။

အဆိုပါသင်တန်းကို ဇွန် ၂၄ ရက်မှ စက်တင်ဘာ ၂၀ ရက်အထိ ဖွင့်လှစ်ပေးခဲ့ရာ အကျဉ်းသူ ၁၀ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **သရက်ခရိုင် (ပြန်/ဆက်)**

## စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး အစည်းအဝေးကျင်းပ

**မယ်စဲ့ စက်တင်ဘာ ၂၅**

ကယားပြည်နယ် မယ်စဲ့မြို့နယ် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းက ဘဏ္ဍာနှစ်အလိုက် ငွေလုံးငွေရင်းဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို ချပြရှင်းလင်းရေးဆွဲခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးမျိုးသန်းက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကြိုဆို



**နေပြည်တော်**
ရထားရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် မိုးသန်းအောင်ဦးစီး၍ ရထားရဲတပ်ဖွဲ့မှူးရုံး အမှတ် (၂)၊ (၄)၊ (၈)၊ (၉) ရထားရဲတပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင် ၃၀ တို့က စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။
**ကြေးမုံ**



**ရမည်းသင်း**
ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းကျော်၏ ကြီးကြပ်မှုဖြင့် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဖြိုးမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထိန်လင်းနှင့် အရာရှိ တပ်ဖွဲ့ဝင် ၂၀၊ အခြားအဆင့် ၁၄၉ ဦး၊ စာရေးဝန်ထမ်း၊ မိသားစုဝင် ၄၅ ဦး စုစုပေါင်း ၂၁၄ ဦးတို့သည် စက်တင်ဘာ ၂၁ ရက် နံနက် ၇ နာရီက ရမည်းသင်းမြို့ ရွှေစည်းခုံရပ်ကွက်ရှိ ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်**



ဂန့်ဂေါမြို့နယ် မွေ့လယ်ရွာအုပ်ချုပ်ရေးမှူးရုံးတွင် စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲပြုလုပ်ရာ ကန်နယ်မြေ ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်အောင်ကျော်ဝင်းက အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။
**ကျော်သန်းဆွေ (ဂန့်ဂေါ)**

## Myanmar Fitness Dance သင်တန်းဖွင့်

**တောင်ကြီး စက်တင်ဘာ ၂၅**
ရှမ်းပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်မှုတိုးတက်လာစေရန်နှင့် လုပ်ငန်းခွင်တွင်ပျော်မွေ့စေရန် လှုပ်ရှားမှုတွင်ပါဝင်လာစေရေး အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနကကြီးမှူး၍ Myanmar Fitness Dance သင်တန်းကို တောင်ကြီးမြို့ပြည်နယ်လေ့ကျင့်ရေးအားကစားရုံတွင် စက်တင်ဘာ ၂၃ ရက်ကဖွင့်လှစ်ရာ သင်တန်းသား သင်တန်းသူ ၁၈၀ ကျော် တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၃ ရက်မှ ၂၇ ရက်ထိ နေ့စဉ် ညနေ ၅ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။
**ကြေးမုံ**

## မန္တလေးညော်လမ်းညွှန်အသင်းသားများ စကျင်တောင်လေ့လာရေးခရီးသွားရောက်



**မန္တလေး စက်တင်ဘာ ၂၅**
ပြည်ပခရီးသည်များအတွက် ခရီးသွားလုပ်ငန်း ခရီးစဉ်သစ် ဖော်ထုတ်သည့်အနေဖြင့် မန္တလေးညော်လမ်းညွှန်အသင်းမှ အသင်းသား ၇၀ တို့သည် စက်တင်ဘာ ၂၂ ရက်က မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်တောင်ဒေသရှိ ကျောက်ဆစ်လုပ်ငန်းများကို သွားရောက်လေ့လာကြသည်။

မတ္တရာမြို့နယ် စကျင်ကျေးရွာရှိ စကျင်တောင်ဒေသတွင် ဒေသခံများက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စကျင်ကျောက်ထုတ်ဖော်ခြင်း၊ သယ်ဆောင်ခြင်း၊ ကျောက်ဆစ်ပညာဖြင့် ပန်းပုရုပ်တုများထုလုပ်ခြင်း စသောလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ပြည်ပခရီးသွားဧည့်သည်များအား ခရီးစဉ်သစ်တစ်ခုအဖြစ် ပြသနိုင်ရန် မန္တလေးညော်လမ်းညွှန်အသင်းဥက္ကဋ္ဌ ဦးဝင်းဇော်ဦးက ဦးဆောင်စီစဉ်သွားရောက်ခြင်း ဖြစ်သည်။

စကျင်တောင်ဒေသသို့ သွားရောက်လေ့လာရာတွင် ပြည်ပခရီးသွားများ သွားလာနိုင်မည့် ခရီးသွားနေရာသစ်တစ်ခုအဖြစ် ဖော်ဆောင်ကြမည်ဖြစ်ရာ ဒေသဆိုင်ရာအချက်အလက်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ သိရှိနိုင်ရန်အတွက် မန္တလေးညော်လမ်းညွှန်အသင်းသားများအနေဖြင့် စကျင်တောင်ကျေးရွာအတွင်း လှည့်လည်လေ့လာကြည့်ရှုခြင်း၊ အချက်အလက်ရှာဖွေခြင်း၊ စကျင်တောင်ပေါ်ရှိ စကျင်တောင်လေးဘုရားအား တက်ရောက်ဖူးမြော်ခြင်း၊ ကျောက်တောင်များတွင် ထုဆစ်နေသော အကြီးစားပန်းတမော့ကျောက်ဆစ်ရုပ်တုကြီးများ ထုလုပ်နေမှုများကို လေ့လာမေးမြန်း မှတ်တမ်းရယူခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။
**မောင်ဘဦး**

## အပြည်ပြည်ဆိုင်ရာရော်ဘာညီလာခံ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**
အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့် ဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (IRRDB) ၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၀ ပါဝင်မည့် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရော်ဘာညီလာခံကို စက်တင်ဘာ ၃၀ ရက်နှင့် အောက်တိုဘာ ၁ ရက်တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။

"အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့် ဖွံ့ဖြိုးရေးဘုတ်အဖွဲ့မှာ အဖွဲ့ဝင် နိုင်ငံပေါင်း ၂၀ ပါဝင်တယ်။ အဲဒီမှာ ကျွန်တော်တို့က အသင်းနှစ်သင်း ဝင်ထားတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း (MRPPA) က ၂၀၀၇ ခုနှစ်မှာ ဝင်တယ်။ ၂၀၁၇ ခုနှစ်မှာ စိုက်ပျိုးရေးဦးစီးဌာန (DOA) က ဝင်တယ်။ IRRDB က အသင်းဝင်နိုင်ငံတွေမှာ လှည့်ပြီးတော့ နှစ်စဉ် နှစ်ပတ်လည်အစည်းအဝေးလုပ်တယ်။ နှစ်ပတ်လည်အစည်းအဝေးနဲ့အတူ အပြည်ပြည်ဆိုင်ရာ ရော်ဘာညီလာခံလုပ်ပါတယ်။ ဒီနှစ်ကတော့ ကျွန်တော့်ဆီမှာလုပ်တယ်။ မြန်မာနိုင်ငံမှာ ပထမဆုံးကျင်းပတဲ့ပွဲဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အကြံပေးဦးလှမြင့်က ပွဲနှင့်ပတ်သက်၍ ရှင်းပြသည်။

ညီလာခံတွင် မြန်မာနိုင်ငံရှိ ရော်ဘာစိုက်တောင်သူများအတွက် အကျိုးကျေးဇူးများရရှိစေမည့်နိုင်ငံပေါင်း ၂၀ မှ သုတေသနစာတမ်း ၆၀ ကျော်ကို ဖတ်ကြားသွားမည်ဖြစ်ပြီး ၎င်းစာတမ်းများ၌ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုများနှင့်ပတ်သက်သည့် အားနည်းချက်၊ အားသာချက်၊ ဆောင်ရန်၊ ရှောင်ရန်နှင့် ကောင်းကျိုး၊ ဆိုးကျိုး အစရှိသည့် အဓိကအကြောင်းအရာများကို သက်ဆိုင်ရာနိုင်ငံအလိုက် ဖတ်ကြားဆွေးနွေးသွားမည်ဖြစ်သည်။

"ညီလာခံမှာတင်ပြမယ့် စာတမ်းတွေက နိုင်ငံအလိုက် သူတို့နိုင်ငံတွေမှာ ထုတ်ထားတဲ့မျိုးစေ့တွေ အကြောင်း၊ အားသာချက်၊ အားနည်းချက်၊ အထွက်နှုန်း၊ ရော်ဘာထိန်းသိမ်းမှု၊ ရော်ဘာအစေးထုတ်လုပ်မှု၊ မြေဩဇာ အဲဒါတွေနဲ့ပတ်သက်တဲ့ စာတမ်းတွေဖတ်မယ်။ ဒီညီလာခံက ရလာတဲ့ ရော်ဘာနဲ့ပတ်သက်တဲ့ နည်းပညာတွေ အကုန်လုံးကို သေသေချာချာလေ့လာပြီးတော့ ကိုယ့်ခြံမှာ ဘာတွေပြန်အသုံးချမလဲဆိုတာကို လိုက်နာဖို့ အရေးကြီးပါတယ်" ဟု မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့်က ပြောကြားသည်။

အဆိုပါညီလာခံကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ယခုနှစ်ညီလာခံ၏ ဆောင်ပုဒ်မှာ "သဘာဝ ရော်ဘာလုပ်ငန်းများ ယှဉ်ပြိုင်နိုင်မှု မြင့်မားရေးနှင့် ရေရှည်တည်တံ့ရေးဆီသို့" ဖြစ်သည်။ ယင်းပွဲနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ကျင်းပသည်။ **အေးမင်းသူ၊ ဇာနည်မောင်**

## ကျေးလက်ဒေသ တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ခြင်း သင်တန်းဖွင့်

**တောင်ငူ စက်တင်ဘာ ၂၅**
ဆင်းရဲနွမ်းပါးသည့် ကျေးလက်ဒေသတွင် နေထိုင်သူများအတွက် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ခြင်းဆိုင်ရာ သင်တန်းကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တောင်ငူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ခရိုင်ဦးစီးမှူး ဦးဘသိန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာပညာရှင် ဦးမြင့်ဆွေ(ခ)မြင့်မိုရ်ဆွေ(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)က Housing Policy & Dvelopment နှင့် အိမ်ရာများဆောက်လုပ်ခြင်းအကြောင်းကို သင်တန်းပို့ချခဲ့သည်။

ယနေ့ပြုလုပ်သည့် သင်တန်းသို့ တောင်ငူ၊ ရေတာရှည်၊ ထန်းတပင်၊ အုတ်တွင်း၊ ဖြူး၊ ကျောက်ကြီးမြို့နယ် ကျေးလက်ဦးစီးဌာနများမှ မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများတက်ရောက်ခဲ့ကြောင်း သိရသည်။
**ကိုလွင်(ဆွာ)**



## သတင်းစာဆရာကြီးများအား ပူဇော်ကန်တော့

**ရန်ကုန် စက်တင်ဘာ ၂၅**
မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (အင်းစိန်မြို့နယ်) ပဉ္စမအကြိမ်မြောက် သက်ကြီး သတင်းစာဆရာကြီးများအား ပူဇော်ကန်တော့ပွဲကို စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီက အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အလှူရှင် ဒေါ်မြင့်မြင့်စန်းက ကန်တော့ခံသက်ကြီးသတင်းစာဆရာကြီး ခုနစ်ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီနှင့် အသင်းဝင်များက ကန်တော့ခံပစ္စည်းများဖြင့် လှူဒါန်းကန်တော့ခဲ့ကြောင်း သိရသည်။
**ကြေးမုံ**

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# နွားထိုးကြီးမြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် လေ့ကျင့်သရုပ်ပြ



**နွားထိုးကြီး စက်တင်ဘာ ၂၅**
နွားထိုးကြီးမြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ကာကွယ်ရေး လေ့ကျင့်သရုပ်ပြမှုအခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက နွားထိုးကြီး ရှင်ပင်သာဒွန်းဦးဘုရားဝင်းတွင် ကျင်းပသည်။

မြို့နယ်မီးသတ်အရာရှိဦးကျော်ဇင်လင်းဦးဆောင်သော နွားထိုးကြီး၊ ပြင်စည်၊ ရွာကြီး၊ ဝက်လူးစခန်းများမှ အထူးတပ်ဖွဲ့ဝင် ၃၅ ဦး တပ်စုအဆင့်ဖြင့် လေ့ကျင့်သရုပ်ပြကြသည်။

သရုပ်ပြရာတွင် အထက ညောင်ပင်ကျောင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ စွမ်းထက်သာ ကိုယ်ပိုင်အထက်တန်းကျောင်း၊ အောင်သဇင် ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ကျောင်းသားများ ပါဝင်သရုပ်ပြကြရာ လျှော့လှုပ်၍ မီးလောင်ခြင်း၊ အထပ်မြင့်အဆောက်အအုံပြိုကျရာမှ လူနာများကယ်ဆယ်ခြင်း၊ အပျက်အစီးများကြား ပိတ်မိနေသောလူနာများ ကယ်ထုတ်ခြင်း၊ သယ်ယူခြင်း၊ အမြင့်မှ မြေပြင်သယ်ချခြင်း၊ ပရဟိတယာဉ်များဖြင့် ဆေးရုံပို့ခြင်းများကို ခေတ်မီကယ်ဆယ်ရေး ပစ္စည်းများဖြင့် ပြသကြသည်။

ယခုသရုပ်ပြပွဲနှင့်ပတ်သက်၍ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်က ခေတ်ပေါ်ပစ္စည်းများနှင့် သရုပ်ပြကာ အန္တရာယ်ကာကွယ်နိုင်သဖြင့် ဝမ်းသာကြောင်း၊ တိုးတက်အောင် ဆက်လက်ကြိုးပမ်းကြရန်လိုကြောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ငြိမ်းက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်သရုပ်ပြမှုကို ကြိုဆိုကြောင်း ပြောကြားသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

# မီးဘေးလုံခြုံရေးနှင့် သဘာဝဘေး ရှာဖွေကယ်ဆယ်ရေးသရုပ်ပြ



**မန္တလေး စက်တင်ဘာ ၂၅**
မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနကကြီးမှူး၍ အခြေခံပညာကျောင်းအခြေပြု မီးဘေးလုံခြုံရေးနှင့် ငလျင်ဘေး၊ ရေဘေး ရှာဖွေကယ်ဆယ်ရေး သရုပ်ပြပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်က ကျောင်းအခြေပြု မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်များကာကွယ်ရေး သိရှိစေရန်အတွက် ဆောင်ရန်ရှောင်ရန်အချက်များကို လက်တွေ့ပြသသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးမှူးက လျှပ်စစ်မီးစနစ်တကျသုံးစွဲရေးနှင့် စက်သုံးဆီနှင့် ဂက်စ်မီးလောင်မှုဖြစ်စဉ်များကို ဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား လက်တွေ့မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခြင်း၊ ငလျင်ဘေးရှာဖွေကယ်ဆယ်ရေးသရုပ်ပြသခြင်း၊ အောက်ထပ်တွင်ပိတ်မိနေသောသူအား ကယ်ဆယ်ခြင်း၊ မီးလောင်မှုတွင် အခန်းတွင်းပိတ်မိနေသူအား ကယ်ဆယ်ခြင်း၊ အထပ်မြင့်မီးလောင်မှုအား ငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ငလျင်ဒဏ်ကြောင့် အပျက်အစီးကြားရှိလူများအား ကယ်ဆယ်ခြင်းများကို သရုပ်ပြသသည်။

**မောင်ပြည်သူ(မန္တလေး)**

## လူကုန်ကူးမှုအန္တရာယ်ဝိုင်းဝန်းကာကွယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ကျောက်ကြီး စက်တင်ဘာ ၂၅**
ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် သိန်တန်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း သပြေခန်းမဆောင်၌ စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းကာကွယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်နိုင်၊ ဦးကျော်ဝင်း (ဥပဒေအရာရှိ)၊ ရဲမှူးဦးစောရှီးရှို့နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်တင်စန်းလေး၊ မြို့နယ် စည်ပင်သာယာကော်မတီအဖွဲ့ဝင် ဆရာဦးအောင်ကြီးတို့က လူကုန်ကူးခံရသူအများစုမှာ အမျိုးသမီးများဖြစ်ပြီး ငွေကိုဖြတ်လမ်းကရှာချင်သူများ၊ မိသားစုလိုအပ်ချက်အရ လူကုန်ကူးခံရနိုင်ကြောင်း၊ စာများများဖတ်မှသာလျှင် ဗဟုသုတကြွယ်ဝပြီး လူကုန်ကူးမှုအန္တရာယ်မှ ကင်းဝေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**



နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်မိသားစု ပရဟိတအသင်းမှ အကြိမ် (၅၀) မြောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ ဗုဒ္ဓရတနာ ပရဟိတကျောင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုရှုပ**

## ဓာတ်မြေဩဇာ ပေးအပ်ခြင်းနှင့် ကွင်းသရုပ်ပြပွဲ ကျင်းပ

**သီပေါ စက်တင်ဘာ ၂၅**
တောင်သူများအား ဓာတ်မြေဩဇာပေးအပ်ခြင်းနှင့် မိုးစပါးစံပြစိုက်ခင်း ဓာတ်မြေဩဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ် နားကျဲကျေးရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမင်းဦးက ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာအဖြစ် ဆောင်ရွက်ရသော ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး တောင်သူ ၁၁၅ ဦးတို့အား သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**စိုင်း (သီပေါ)**

## တိုတိုထွာထွာဖတ်စရာ

### ချင်းစာပေ (ဟားခါး) ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**ဂန့်ဂေါ**
ချင်းစာပေ (ဟားခါး) ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချင်းဘာသာဖြင့် ပုံပြင်ပြောပွဲပြုလုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အုပ်လှကျေးရွာ အလက၌ ကျင်းပသည်။

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်က ချင်းစာပေ (ဟားခါး) ဖွံ့ဖြိုးတိုးတက်ရေး၊ ပုံပြင်ပြောပွဲပြုလုပ်နိုင်ရေး ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်လေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးတို့က အကြံပြုဆွေးနွေးကြသည်။

**စိန်ကျော်**

### မိုးရွာသွန်းမှုများခြင်းကြောင့် ကားလမ်းပျက်စီး

**ငါ့သရောက်**
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့မှ ကျောက်ပန်းတောင်း-မြင်းခြံလမ်းသို့ထွက်သည့် ငါ့သရောက်-စိတ္တိန်း-ကမ်းဖြူလမ်းကားလမ်းသည် စက်တင်ဘာ ၂၄ ရက် နံနက် ၂ နာရီခန့်က ရွာသွန်းခဲ့သည့်မိုးကြောင့် မရိုးကုန်းချောင်းနှင့် ကမ်းပါးချောင်းဆုံရာ ရေကျော်လမ်းနေရာပျက်စီးပြီး ကားကြီးများဖြတ်သန်းသွား၍မရတော့ကြောင်း ငါ့သရောက်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

ကားအသွားအလာအလွန်များသည့် ငါ့သရောက်-မြင်းခြံလမ်း၊ ငါ့သရောက်-ရန်ကုန်လမ်း၊ ငါ့သရောက်-မန္တလေးလမ်းဘက်သို့ထွက်သည့် ကမ္ဘာ့းချောင်းရေကျော်ပျက်စီးနေမှုကို အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း ရန်ကုန်ယာဉ်လိုင်း ဇေယျာမြိုင်ကြီးကားဂိတ်ပိုင်ရှင် ဦးရဲတင့်က ပြောကြားသည်။ **ကိုထိန် (ငါ့သရောက်)**

### တုံးလှဲချောင်း ကမ်းထိန်းလုပ်ငန်းဆောင်ရွက်

**မော်လမြိုင်ကျွန်း**
မော်လမြိုင်ကျွန်းမြို့ အနောက်ပိုင်း တုံးလှဲချောင်းမြစ်ရေတိုက်စားမှုကြောင့် အမှတ် (၁၀) ရပ်ကွက် ဗိုလ်ချုပ်ဈေးပတ်ဝန်းကျင်နှင့် အမှတ် (၉) ရပ်ကွက် ယမုန်နာကမ်းနားလမ်းတစ်လျှောက်ရှိ လူနေအိမ်များနှင့် လမ်းမြေများ ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးမှုများရှိခဲ့သည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယမုန်နာ ဗိုလ်ချုပ်ဈေးမြစ်ကမ်းတစ်လျှောက် ကမ်းထိန်းခြင်းလုပ်ငန်းအဖြစ် ကွန်ကရစ်ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

### လက်ပံတန်း၌ မီးရထားရပ်စခန်းဖွင့်ပွဲ ကျင်းပ

**လက်ပံတန်း**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မြန်မာ့မီးရထား တိုင်း(၆) နယ်မြေ လက်ပံတန်း-သာရဝေါလမ်းပိုင်း ကျောက်အိုင်ရစ်စခန်းနှင့် ခမုံဘူတာကြား စည်ပင်သာယာ မီးရထားရပ်စခန်း ဖွင့်ပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီက ဓာတ်ပေါင်းဘုရားဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါရပ်စခန်းမှာ အလျား ပေ ၂၀၊ အနံ ၂၇ ပေရှိပြီး ဆရာတော်ဦးကုသလအား အမှူးထား၍ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဆင့်**

### ဒါးကမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**ကျောင်းကုန်း**
ငါးမျိုးပြုန်းတီးမှုမရှိစေရေးနှင့် စဉ်ဆက်မပြတ်ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်စဉ် ငါးမျိုးစိုက်ထည့်ပေးလျက်ရှိရာ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဒါးကမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို အမှတ်(၂)ရပ်ကွက်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

ငါးမြစ်ချင်းအကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီး အကောင်ရေ ငါးသောင်း၊ တီလားဗီးယားအကောင်ရေ ငါးသောင်း စုစုပေါင်းငါးသားပေါက်အကောင်ရေ နှစ်သိန်းကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# စပါးအသင်းရဲ့ ရလဒ်ပိုင်းဆိုးရွားမှုပြဿနာကိုဖြေရှင်းရန် ဇန်နဝါရီဈေးကွက်မှာ ကစားသမားခေါ်ယူဖို့ ပိုချက်တီနိုဆန္ဒရှိနေ

စပါးအသင်းဟာ ရာသီအစမှာ ရလဒ်ပိုင်းဆိုးရွားမှုပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် လာမယ့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလမှာ ကစားသမားသစ်တွေခေါ်ယူပြီး ဖြေရှင်းသွားဖို့ဆန္ဒရှိနေတယ်လို့ စပါးအသင်းနည်းပြ ပိုချက်တီနိုက ဆိုပါတယ်။

ပြီးခဲ့တဲ့ဘောလုံးရာသီက ချန်ပီယံလိဂ်မှာ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းထားနိုင်ခဲ့တဲ့ ခြေစွမ်းရှိခဲ့တဲ့ စပါးအသင်းဟာ စက်တင်ဘာ ၂၄ ရက်ညမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကာရာဘာအိုဖလားပွဲစဉ်မှာ လိဂ်တူးမှာ အဆင့် ၁၀ နေရာရပ်တည်နေတဲ့ ကိုလ်ချက်စတာယူနိုက်တက်အသင်းကိုပင် ရှုံးနိမ့်တဲ့အထိ စွမ်းဆောင်ရည်ကျဆင်းခဲ့ရတာ ဖြစ်ပါတယ်။

အဲဒီရှုံးနိမ့်မှုဟာ စပါးအသင်းအတွက်တော့ အခုနှစ်မှာ ပထမဆုံးကစားခဲ့တဲ့ အဝေးကွင်းငါးပွဲမှာ နိုင်ပွဲမရရှိခဲ့တဲ့မှတ်တမ်းလည်း ဝင်ခဲ့တာပါ။ အဲဒီလိုဖြစ်ခဲ့တာဟာလည်း စပါးအသင်းနည်းပြ ပိုချက်တီနိုအနေနဲ့ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အသင်းရဲ့ အဓိကစားသမားတချို့ဖြစ်တဲ့ ဒန်နီရိုစ်၊ အယ်လ်ဒါဝီးလ်နဲ့ ဗာတွန်ဂန်တို့ကို ရောင်းချခဲ့တဲ့အပြင် ကစားသမားသစ် ထပ်မံမခေါ်ယူခဲ့တာတွေကြောင့် ဖြစ်ပါတယ်။

ဒါ့အပြင် စပါးအသင်းဟာ ကွင်းလယ်ကစားသမား အဲရစ်ဆင်ကိုလည်း ရောင်းချဖို့စီစဉ်ထားခဲ့ပြီး အဲရစ်ဆင်ဟာ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့ကစားဖို့အထိ ချိတ်ဆက်မှုတွေပြုလုပ်ထားတာဖြစ်ပါတယ်။ လက်ရှိဆိုးရွားနေတဲ့ရလဒ်ကို အကောင်းဆုံးပုံစံပြန်ဖြစ်ဖို့ဆိုရင် ဇန်နဝါရီဈေးကွက်မှာ ပြုပြင်ပြောင်းလဲဖို့ အကောင်းဆုံးအချိန်ဖြစ်တယ်လို့ စပါးအသင်းနည်းပြ ပိုချက်တီနိုက တွက်ဆထားတာဖြစ်ပါတယ်။

**ငွေကြယ် စုစည်းသည်**

# ၂၀၂၃ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်ကို အင်္ဂလန်နိုင်ငံရှိ ဝင်ဘလေကွင်းတွင် ကျင်းပမည်

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)ဟာ ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ ၂၀၂၁ ဗိုလ်လုပွဲနဲ့ ၂၀၂၂ ဗိုလ်လုပွဲစဉ်များကို ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့နှင့် ဂျာမနီနိုင်ငံ မြူးနစ်မြို့တို့တွင် အသီးသီးကျင်းပသွားမှာဖြစ်တယ်လို့ ကြေညာခဲ့ပြီးနောက် ၂၀၂၃ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်ကို အင်္ဂလန်နိုင်ငံ ဝင်ဘလေကွင်းမှာ ကျင်းပသွားမယ်လို့ ကြေညာခဲ့ပါတယ်။



ဝင်ဘလေကွင်းကို ၁၉၂၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဥရောပစူပါဖလားပွဲစဉ်ကိုလည်း ဝင်ဘလေကွင်းမှာပဲ ကျင်းပသွားဖို့ရှိနေပါတယ်။ ဝင်ဘလေကွင်းကို ၂၀၁၁ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲတွေမှာ အိမ်ကွင်းအဖြစ်ကျင်းပခဲ့ပြီး ယူရို ၂၀၂၀ ပြိုင်ပွဲမှာလည်း ဆီမီးဖိုင်နယ်နဲ့ ဗိုလ်လုပွဲအပါအဝင် ပွဲစဉ်ခုနစ်ပွဲကို အိမ်ကွင်းအဖြစ် လက်ခံကျင်းပသွားမှာ ဖြစ်ပါတယ်။

ဝင်ဘလေကွင်းမှာ ဥရောပဖလားဗိုလ်လုပွဲစဉ်တွေကို ၁၉၆၃၊ ၁၉၇၁၊ ၁၉၇၈ နဲ့ ၁၉၉၂ ခုနှစ်တို့မှာ အိမ်ကွင်းအဖြစ် ကျင်းပခဲ့တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ဝင်ဘလေကွင်းမှာ ကျင်းပခဲ့ရာမှာ ဘိုင်ယန်မြူးနစ်အသင်းက ဒေါ့မွန်အသင်းကို အနိုင်ရရှိခဲ့ပြီး ငါးကြိမ်မြောက် ချန်ပီယံလိဂ်ဆုဖလားကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ယူအီးအက်ဖ်အေအနေနဲ့ ၂၀၂၁ ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ်ကို စပိန်နိုင်ငံ ဆီဗီလာမြို့မှာ ကျင်းပသွားမယ်လို့လည်း ကြေညာခဲ့ပါတယ်။

## အနုပညာ



ပဲရစ်ဖက်ရှင်သီတင်းပတ်အတွင်း ပြုလုပ်ခဲ့တဲ့ “ Christian Dior Spring 2020 collection” မှာ တွေ့ရတဲ့ ဂျနီယာလောရန့်စ်(ဝဲ)နှင့် ကာလီကလော့စ်(ယာ)။

# Ip Man 4 သည် နောက်ဆုံးရုပ်ရှင်ဖြစ်ကြောင်း ဒန်နီယန် ပြောကြား

ကျော်ကြားတဲ့ တိုက်ခိုက်ရေး ရုပ်ရှင်တစ်ခုဖြစ်တဲ့ “ Ip Man ”ဇာတ်လမ်းတွဲ ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ် “ Ip Man 4” ဟာ အဆိုပါ ဇာတ်လမ်းတွဲအတွက် နောက်ဆုံးသော ရုပ်ရှင်ဖြစ်လာမှာဖြစ်ကြောင်း ယင်းရုပ်ရှင်ရဲ့ ဇာတ်ဆောင်တစ်ဦးဖြစ်သူ မင်းသား ဒန်နီယန်က ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



